ကြေးမုံ The Mirror

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ အင်္ဂါနေ့၊ (19-9-2006) (၅၀၈၅)

မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းရန်မသင့်ကြောင်း ကန့်ကွက်ခဲ့သော နိုင်ငံများတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်နေသည်ကို တွေ့ရ။

အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေး အစဉ်တစိုက်ကြိုးပမ်းခဲ့ ယခုအချိန်တွင် ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန် ကြိုးစားလာသည်ကိုတွေ့ရ

မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်အတွင်းရောက်ရှိအောင် လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံကြီးတစ်နိုင်ငံက အတင်းဖိအားပေး ဆောင်ရွက်နေခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်

စက်တင်ဘာ ၁၅ ရက် လုံခြုံရေးကောင်စီဆွေးနွေးမှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်က နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်ကြောင်း ဆွေးနွေးခဲ့

ကာတာနိုင်ငံကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရေးကြိုးပမ်းမှုကို ပယ်ချ အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့် မကိုက်ညီ

နေပြည်တော် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့် အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏သဘောထား

၁။ ယနေ့အချိန်ကာလသည် ပြည်သူများလိုလားတောင့်တနေသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ရရှိစေရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒီမိုကရေစီစနစ်ထွန်းကားစေရန်အတွက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်ပါသည်။ **နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်နိုင်ရန်အတွက် လိုအပ်သော အခြေခံကောင်းများဖြစ်သည့် နိုင်ငံတော်တွင်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရရှိရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏အသိပညာ၊ ဗဟုသုတ ပြည့်ဝစေရန်တို့ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ယနေ့အချိန်တွင် တိုးတက်မှု အများအပြား ရရှိနေပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သောအခြေခံကောင်းများကို ခိုင်ခိုင်မာမာ ချမှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။** ထိုသို့အခြေခံကောင်းများ ရရှိပြီးနောက် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံကို ဆက်လက်ကျင်းပလျက်ရှိနေပြီလည်းဖြစ်ပါသည်။ ထိုကဲ့သို့ တိုင်းပြည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေချိန်တွင် ရရှိထားပြီးဖြစ်သည့် အခြေအနေကောင်းများကို ပျက်ပြားအောင် ကြိုးပမ်းလုပ်ဆောင်မှုများလည်း ပေါ်ပေါက်လာသည်ကို တွေ့ရပါသည်။

၂။ ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုပြဿနာ စသည့် ပြဿနာများသည် ဒေသတွင်း မတည်ငြိမ်မှုကိုဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ စာရေးသား တောင်းဆိုခဲ့သည်ကို တွေ့ရပါသည်။ ထိုတင်ပြချက်ကို ၂၀၀၆ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ (၁၀)မဲ၊ ကန့်ကွက်မဲ (၄)မဲ၊ ကြားနေမဲ (၁)မဲဖြင့် အတည်ပြုခဲ့ပြီးနောက် မြန်မာနိုင်ငံအခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်ကို သိရှိရပါသည်။ ထိုကဲ့သို့ **မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းရန်မသင့်ကြောင်း ကန့်ကွက်ခဲ့သော နိုင်ငံများတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်ပြီး ဗီတိုအာဏာသုံးစွဲခွင့်ရှိသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပါဝင်နေသည်ကို တွေ့ရပါသည်။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ပွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉–၉–၂၀၀၆
(အင်္ဂါနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နိုင်ငံ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်များကို ရှာဖွေထုတ်လုပ်နေမှုများတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့သည် တစ်ခုအပါအဝင်ဖြစ်သည်။ စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်း၌ စွမ်းအင်ပြည့်ဝ ဖူလုံစေရန် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသတွင်ပါ တိုးချဲ့ရှာဖွေထုတ်လုပ်နေသည်။

ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေများ၌လည်း တွင်းသစ်များ တိုးချဲ့ရှာဖွေရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ကိုင်လျက်ရှိသည်။ ဧရာဝတီတိုင်း၌ ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေမှာ တူးဖော်ထုတ်လုပ်မှု အလားအလာ ကောင်းမွန်လျက်ရှိသည်။ ညောင်တုန်းဘူမိအနေအထားနှင့် ဆက်စပ်နေသည့် မအူပင်၊ ပန်းတနော်၊ ညောင်တုန်း (အလယ်) ဒေသများတွင်လည်း တွင်းသစ်များ ရှာဖွေတူးဖော်လျက်ရှိသည်။

ကမ်းလွန်ဒေသများ၌ စမ်းသပ်တူးဖော် တွေ့ရှိချက်များအရ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များ တူးဖော်ရရှိရန် အလားအလာ ကောင်းမွန်နေသည်။ အထူးသဖြင့် မုတ္တမကမ်းလွန်လုပ်ကွက်၊ တနင်္သာရီကမ်းလွန် ရဲတံခွန်လုပ်ကွက်၊ ရခိုင်ကမ်းလွန်ပင်လယ်ပြင်မှ ရွှေလုပ်ကွက်တို့တွင် တူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်နေကြပြီဖြစ်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ရန် ပြည်ပရေနံရှာဖွေရေးကုမ္ပဏီ ၄၄ ခုတို့က သဘောတူစာချုပ် ချုပ်ဆိုလုပ်ကိုင်လျက်ရှိသည်။ ယခုအခါ ကမ်းလွန်ပင်လယ်ပြင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်လုပ်ကွက် ၂၄ ခု တွင် လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ ကုမ္ပဏီတို့က မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် (M-8)၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်တင်ဘာလ ၁၅ ရက်နေ့က ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်များ ချုပ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံတွင် နိုင်ငံပေါင်း ၂၇ နိုင်ငံက စီးပွားရေးလုပ်ငန်းများ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်လျက်ရှိသည့်အနက် အာဆီယံနိုင်ငံများမှ အများဆုံးဖြစ်သည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများအနက် ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်လုပ်မှုကဏ္ဍတွင် အချိုးအစား အများဆုံး ပါဝင်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ အရင်းအမြစ်များ ပေါများကြွယ်ဝပြီး ထုတ်ယူရရှိနိုင်သည့် အခြေအနေကောင်းများစွာရှိသည့် နည်းတူ နိုင်ငံအတွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်ထွန်းတည်ရှိနေမှု အလားအလာများကိုအခြေခံ၍ ကုန်းတွင်းပိုင်း ရေနံမြေများတွင်သာမက ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များ၌ပါ ဆက်လက်ကြိုးပမ်း ရှာဖွေတူးဖော်ကြခြင်းဖြင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်ပါသည်။ ။

မန္တလေးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် စက်တင်ဘာ ၁၈

မန္တလေးတိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၈ ရက် ညနေ ၃ နာရီက အောင်မြေသာစံမြို့နယ် အမျိုးသားဓာတ်ရုံတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ဆုရရှိသူများတက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းက အကဲဖြတ်ဒိုင်အဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ပြီး အဆို၊ အက၊ အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများက သီဆိုကပြဖျော်ဖြေကြရာ တိုင်းမှူးနှင့်ဧည့်ပရိသတ်များက ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ကွယ်လွန်သူ ဒေါ်ချန်ချိုရှု(ခ)ဒေါ်ချိုချို တစ်နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၅)လမ်းနေ ဦးချစ်စိန်မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံနွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

သက်ရှည်ကျန်းမာဖို့ လမ်းလျှောက်ကြစို့

ကိုယ်လက်လှုပ်ရှားမှု နည်းပါးခြင်းကြောင့် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါနှင့် အရိုးအဆစ်များ နာကျင်ရောင်ရမ်းခြင်းတို့ ဖြစ်ပွားတတ်ပါသည်။

လမ်းလျှောက်ခြင်းသည်–

၁။ သွေးတိုးကျစေသည်။
၂။ စိတ်ပျော်ရွှင် ကျန်းမာစေသည်။
၃။ အရိုးများ ကြံ့ခိုင်သန်စွမ်းစေသည်။
၄။ အဝမလွန်အောင် ထိန်းသိမ်းနိုင်သည်။
၅။ ကြွက်သားများ သန်စွမ်းဖျတ်လတ်သည်။
၆။ သွေးအတွင်းမှ အဆီကျစေသည်။
၇။ သွေးအတွင်းမှ သကြားဓာတ်ကျစေသည်။
၈။ အသက်အရွယ်မရွေး၊ လူတန်းစားမရွေးဆောင်ရွက်နိုင်သည်။

ရောဂါဘယကင်းစင်၍ သက်ရှည်ကျန်းမာကြစေရန် မိသားစုတစ်စုလုံး နေ့စဉ် နာရီဝက်ခန့် ပုံမှန် လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

မန္တလေးဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာတော်သင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ လသာမြို့နယ် (၂၃)လမ်းနေ ဦးကျင်သိန်း–ဒေါ်ခင်အေး သားသမီးမြေးတစ်စုက အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဖြစ်မြောက်ရေး ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒနှင့် အတွင်းရေးမှူး ဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)တို့ ရှေ့မှောက်၌ အကျိုးတော်ဆောင် ပြန်ကြားရေးမှူး ဒေါက်တာ ယဉ်မင်းဦး (ခ) ဒေါက်တာ နိုက်တင်ဂေးလ်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၉–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၂၀** ၃။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၄။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၅။သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၁၅** ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၄:၃၅** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၆။ မျိုးချစ်တပ်မတော်
- **၅:၂၅** ၇။ ပညာခေတ်
- **၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လျှို့ဝှက်ချက်"(အပိုင်း–၁၆)**
- **၈:၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ အဘိဓမ္မာ၊ သဒ္ဒါ၊ မြတ်ကျမ်းစာ (အပိုင်း–၆)**
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (အပိုင်း–၁၀)**
- ၂၀။ သင့်အတွက်မနက်ဖြန်
- ၂၁။ အပိတ်နှုတ်ဆက်စကား
- ၂၂။ ပြီးပါပြီ။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက် နည်းလမ်းများဖြင့် ရယူရန်ကြိုးစားလာသော ပြည်တွင်း၊ပြည်ပအဖျက်သမားများကို နိုင်ငံတော်နှင့် ပြည်သူတို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် တိုက်ဖျက်ချေမှုန်းသွားမည်

☆ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု လိုလားသည့်အတိုင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ကို လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကိုလည်းကောင်း အကောင်အထည် ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် လိုက်နာကျင့်သုံးမည့်မူဝါဒများအဖြစ် ဒွိတာဝန်အရေးသုံးပါး၊ ဦးတည်ချက် (၁၂)ရပ်တို့ဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်မည့် အဆင့်များကို ရှေ့ဆက်သွားရမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ဖြင့်လည်းကောင်း ခိုင်ခိုင်မာမာ တိတိကျကျ ဖော်ပြထားပြီးဖြစ်ပါသည်။

☆ ထို့အပြင် အနာဂတ်နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ယခင်ကနှင့်မတူဘဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ပိုမိုရရှိစေမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့် မူများကို ချမှတ်ထားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် ထိုမူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူတို့နှင့်အတူ မယိမ်းမယိုင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့အရေးယူမှုများကြောင့် ထိုမူဝါဒလမ်းစဉ်များကို ပြောင်းလဲကျင့်သုံးလိမ့်မည်မဟုတ်ပါ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်း အထိပါးခံလိမ့်မည်မဟုတ်ပါ။

☆ ထို့အတူ ပြည်ပနိုင်ငံများ၏ ဖိအားပေး၊ အကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး နိုင်ငံတော်၏ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းသာယာမှု၊ ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်ပြားစေရန်နှင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက်နည်းလမ်းများဖြင့် ရယူရန်ကြိုးစားလာသော ပြည်တွင်း၊ ပြည်ပအဖျက်သမားများကိုလည်း နိုင်ငံတော်နှင့်ပြည်သူတို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တိုက်ဖျက်ချေမှုန်းသွားမည်။ (မြန်မာနိုင်ငံအရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထားမှ ကောက်နုတ်ချက်)

ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းဝေးကို စက်တင်ဘာ ၉ ရက် နံနက် ၇ နာရီတွင် အသင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကားပြောကြား

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးကြီးမောင်ပါက အဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** အလှူငွေ ပေးအပ်ပွဲနှင့် ထူးချွန်လူငယ်များအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည်အစီရင်ခံစာကို တင်သွင်းပြီး ကဏ္ဍအလိုက် အစီရင်ခံစာကို မြို့နယ်များက အကြံပြုဆွေးနွေးကြသည်။ ယင်းနောက် ခရိုင်အတွင်းရေးမှူးက ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး အခမ်းအနားရုပ်သိမ်းကြောင်း သိရသည်။ (ကြေးမုံ)

လုပ်ငန်းခွင်မွမ်းမံ သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် (အင်းစိန်) လုပ်ငန်းခွင် အရည်အချင်းပြည့်ဝရေး မွမ်းမံသင်တန်းအမှတ်စဉ် (၂/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက်ကကျင်းပရာ ရန်ကုန်တိုင်း လက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်မြင့်က ပထမဆုရ ဒေါ်စန်းကလျာခိုင် တိုက်ကြီးမြို့နယ်၊ ဒုတိယဆု ဦးလွင်ဟိန်းဇော်နှင့် ဒေါ်တင်တင်ကြူ အင်းစိန်ခရိုင်တို့အား ဆုချီးမြှင့်ပြီး **(ယာပုံ)** ခရိုင်ဦးစီးအရာရှိ ဦးမြသင်းက သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားခေါင်းဆောင်အား ပေးအပ်ခဲ့သည်။ (ခရိုင်ပြန်/ဆက်)

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင် မူးယစ်ဆေး

နိုင်ငံတကာသတင်းများ

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ထိပ်သီးဆွေးနွေးပွဲတွင် အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်တို့ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန် အိန္ဒိယနှင့် ပါကစ္စတန် ခေါင်းဆောင်များ သဘောတူ

ဟာဗားနား စက်တင်ဘာ ၁၇

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန်နှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ပူးတွဲလုပ်ငန်း အဖွဲ့တစ်ဖွဲ့ ထူထောင်ရန် နှစ်နိုင်ငံ ခေါင်းဆောင်များက စနေနေ့တွင် သဘောတူညီလိုက်ကြသည်။

မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိန်းသိမ်းသင့်ကြောင်း၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အနေဖြင့် စောနိုင်သမျှ အစောဆုံး ငြိမ်းချမ်းရေးဆွေးနွေးပွဲပြန်လည်ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် မိမိတို့ ညွှန်ကြားလိုက်ပြီဖြစ်ကြောင်း ကျူးဘားနိုင်ငံ မြို့တော် ဟာဗားနားတွင် ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲအတွင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်တို့ သီးခြားတွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ထုတ်ပြန်သော ကြေညာချက်၌ ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် အကြမ်းဖက်မှုကို ရှုတ်ချပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းအတွက် လက်တွဲ ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြသည်။

အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်သွားရန်နှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားနိုင်ရန် နှစ်နိုင်ငံပူးတွဲလုပ်ငန်းအဖွဲ့တစ်ဖွဲ့ကို ထူထောင်မည်ဖြစ်ကြောင်း ဆင်းနှင့် မူရှာရက်ဖ်တို့က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နိုင်ရန် နှစ်နိုင်ငံ နိုင်ငံခြားရေးအတွင်းဝန်များသည် မကြာမီ နယူးဒေလီ၌ တွေ့ဆုံမည်ဖြစ်ကြောင်း မန်မိုဟန်ဆင်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

တရုတ်နိုင်ငံ ပြည်တွင်းခရီးသွားလုပ်ငန်းတွင် အရေးပါလျက်ရှိသည့် ရထားပို့ဆောင်ရေးလုပ်ငန်းများအနက် ပေကျင်းမြို့မှ မြေအောက် ရထားဘူတာရုံတစ်ခုကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂျပန်ပင်လယ်၌ ငလျင်လှုပ်

ဟောင်ကောင် စက်တင်ဘာ ၁၇

ဂျပန်ပင်လယ်အလယ်ပိုင်း၌ ဟောင်ကောင်စံတော်ချိန် စနေနေ့ နံနက် ၁၀ နာရီ ၂၉ မိနစ်တွင် ပြင်းအား ၅ ဒသမ ၉ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်သွားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။ ငလျင်ဗဟိုချက်မှာ ဂျပန်နိုင်ငံဆာပိုရိုမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၅၀၀ ခန့်အကွာတွင်ရှိသည်ဟု ဟောင်ကောင်မိုးလေဝသဌာနက ကနဦးဖော်ပြခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပါကစ္စတန်၌ ခေါင်မိုးပြိုကျ၍ သုံးဦးသေဆုံး၊ ၁၄ဦး ဒဏ်ရာရရှိ

အစ္စလမ္မာဘတ် စက်တင်ဘာ ၁၈

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၏ မြောက်ဘက် ကီလိုမီတာ ၁၂၀ အကွာရှိ အက်ဘိုတာဘတ်ခရိုင်၌ စနေနေ့က ခေါင်မိုးပြိုကျသဖြင့် အမျိုးသမီးသုံးဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသွားကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

နေအိမ်တစ်အိမ်တွင် အမျိုးသမီးများ စုဝေးရောက်ရှိနေစဉ် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂျီအီးအို ရုပ်သံဌာနက ကြေညာသည်။

ဒဏ်ရာရရှိသူ အမျိုးသမီးများအား ဒေသဆိုင်ရာ ဆေးရုံတစ်ရုံသို့ တင်ပို့ခဲ့ရာ သုံးဦးမှာ စိုးရိမ်ရသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ ဗီယက်နမ်လျှော့ချ စီမံကိန်းများအတွက် လိုင်စင်များထုတ်ပေးနိုင်မည်

ဟနွိုင်း စက်တင်ဘာ ၁၇

ဗီယက်နမ်နိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လျှော့ချပေးလိုက်ကြောင်း၊ မြို့ကြီးများနှင့် ပြည်နယ်များရှိ ပြည်သူ့ကော်မတီများ၊ စက်မှုဇုန်များနှင့် ကုန်ချောထုတ်လုပ်ရေးဇုန်များရှိ စီမံခန့်ခွဲရေးအဖွဲ့များသည် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအားလုံးနီးပါးအတွက် လိုင်စင်များထုတ်ပေးနိုင်ရန် ဗဟိုအစိုးရက အခွင့်အာဏာများ အပ်နှင်းမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက်က အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင်လက အာဏာသက်ဝင်လာသော ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်အရ ပြည်သူ့ကော်မတီများနှင့် စက်မှုဇုန် စီမံခန့်ခွဲရေးအဖွဲ့များသည် စီမံကိန်းလုပ်ငန်းများအတွက် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောအားဖြင့် လိုင်စင်များ ချပေးနိုင်မည်ဖြစ်သည်။ ယခင်ကမူ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ဝန်ကြီးချုပ်ကသာလျှင် ခွင့်ပြုပေးခဲ့ကြောင်း စီမံကိန်းရေးဆွဲရေးနှင့် ရင်းနှီးမြှုပ်နှံမှုဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် လူငယ်အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

ဗီယက်နမ် ဝန်ကြီးချုပ်သည် ကန့်သတ်ထားသော လုပ်ငန်းကဏ္ဍများတွင် ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက်သာလျှင် ခွင့်ပြုပေးတော့မည်ဖြစ်သည်။ ကန့်သတ်ထားသည့် စီမံကိန်းများတွင် လေဆိပ်များ တည်ဆောက်ခြင်း၊ လေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း၊ နိုင်ငံပိုင်ပင်လယ် ဆိပ်ကမ်းများ တည်ဆောက်ခြင်းနှင့် လုပ်ကိုင်ခြင်း၊ ဓာတ်သတ္တု ရှာဖွေခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ခြင်းနှင့် ကာစီနို လောင်းကစားလုပ်ငန်း လုပ်ကိုင်ခြင်းတို့ ပါဝင်သည်။ ***အင်တာနက်။***

အမေရိကန် ကြက်ခြေနီအဖွဲ့အား ဒေါ်လာ ၄ ဒသမ ၂ သန်း ဒဏ်ငွေရိုက်

ဝါရှင်တန် စက်တင်ဘာ ၁၇

အမေရိကန် ကြက်ခြေနီအဖွဲ့သည် သွေးဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာဥပဒေကို ချိုးဖောက်မှုအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၂သန်း ဒဏ်ငွေပေးဆောင်ရန် အမေရိကန် စားနပ်ရိက္ခာနှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့က အမိန့်ချမှတ်လိုက်ကြောင်း စက်တင်ဘာ ၁၅ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

အမေရိကန် ကြက်ခြေနီအဖွဲ့သည် ငှက်ဖျားရောဂါ ဖြစ်ပွားလေ့ရှိသည့်ဒေသများသို့ ခရီးသွားရောက်ခဲ့သူများထံမှ သွေးလှူဒါန်းခြင်းကို လက်ခံခြင်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သွေးများကို စမ်းသပ်စစ်ဆေးခြင်းမပြုဘဲ ဖြန့်ချိပေးခြင်း စသည့် ပြစ်မှုများအတွက် ဒဏ်ရိုက်ခံရခြင်းဖြစ်ကြောင်း စားနပ်ရိက္ခာနှင့် ဆေးဝါးအုပ်ချုပ်ရေးအဖွဲ့ စည်းကမ်းထိန်းသိမ်းရေး အကြီးအကဲ မာဂရက်ကလာဗင်က ပြောကြားသည်။ ***အင်တာနက်။***

တိဘက်ဒေသ စာမတတ်သူဦးရေ လျှော့ချမည်

လာဆာ စက်တင်ဘာ ၁၇

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ တိဘက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ၂၀၀၇ခုနှစ်၌ စာမတတ်သူဦးရေ ၅ရာခိုင်နှုန်းအောက်တွင်သာ ရှိနေစေရန် ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း ဒေသန္တရပညာရေးတာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ထုတ်ပြန်ကြေညာသည်။

တိဘက်ဒေသတွင်စာမတတ်မြောက်မှု ပပျောက်ရေး လှုပ်ရှားမှုအစီအစဉ်ကို အကောင်အထည် ဖော်လျက်ရှိကြောင်း၊ အထူးသဖြင့် အသက် ၁၅နှစ်မှ ၅၀အထိဖြစ်သော ပြည်သူများအတွင်း စာရေး၊ စာဖတ်တတ်စေရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ လွန်ခဲ့သည့်နှစ်က ဖော်ပြပါ အသက်အရွယ် အပိုင်းအခြားရှိသူများအနက် စာမတတ်သူ ဦးရေမှာ ၁၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယင်းမှာ ၂၀၀၀ ပြည့်နှစ်က ရှိခဲ့သည့် ၃၉ ရာခိုင်နှုန်းအောက်သို့ ကျဆင်းသွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားဒေသရှိ ကျေးရွာတစ်ရွာတွင် ရာသီဥတု ပူပြင်းခြောက်သွေ့မှုကြောင့် မြေများ ပပ်ကြားအက်နေသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂျာမနီနိုင်ငံ ဘွန်းလေဆိပ်၌ မြန်နှုန်းမြင့် ရထားတစ်စင်းကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားအကြမ်းဖက်မှု တားဆီးရေးစာချုပ် ရုရှားပါလီမန်အောက်လွှတ်တော်တွင် အတည်ပြု

မော်စကို စက်တင်ဘာ ၁၇

နျူကလီးယား အကြမ်းဖက်မှု တားဆီးရေး နိုင်ငံတကာ စာချုပ်ကို ရုရှား ပါလီမန်အောက်လွှတ်တော်က သောကြာနေ့တွင် အတည်ပြုပေးလိုက်သည်။

နျူကလီးယား အကြမ်းဖက်မှု နှိမ်နင်းရေး အက်ဥပဒေများဆိုင်ရာ နိုင်ငံတကာ ကွန်ဗင်းရှင်းဟု အမည်ပေးထားသော စာချုပ်တွင် ကုလသမဂ္ဂ၏ကမကထပြုမှုဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေး လုပ်ငန်းများအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ဖော်ပြထားသည်။

တားဆီးကာကွယ်

အစုအပြုလိုက် ဖျက်ဆီးနိုင်သော လက်နက်များအား အကြမ်းဖက်သမားများက အသုံးပြုခြင်းမှ တားဆီးကာကွယ်နိုင်ရန် ရည်ရွယ်သည့် နိုင်ငံတကာ ကွန်ဗင်းရှင်းကို ကမ္ဘာ့နိုင်ငံများက ပထမဆုံးအကြိမ် ရေးဆွဲနိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါစာချုပ်ကို နိုင်ငံငါးနိုင်ငံက အတည်ပြုခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် ယင်းစာချုပ် အာဏာသက်ဝင်လာစေရန် ကမ္ဘာ့နိုင်ငံပေါင်း ၂၂ နိုင်ငံက အတည်ပြုပေးရန် လိုအပ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေး လက်ဗ်ရော့၏ ပြောကြားချက်ကို ကိုးကားလျက် အီတာ-တာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

အကောင်အထည်ဖော်

နျူကလီးယားအကြမ်းဖက်မှုတားဆီးရေးစာချုပ်၏ ပြဋ္ဌာန်းချက်များကို ကုလသမဂ္ဂ နျူကလီးယား လေ့လာစောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) နှင့် ညှိနှိုင်း အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း လက်ဗ်ရော့က ပြောကြားသည်။

နျူကလီးယား အကြမ်းဖက်မှု တားဆီးရေး စာချုပ်ကို အတည်ပြုခြင်းသည် ရုရှားနိုင်ငံနှင့် နိုင်ငံတကာ အသိုက်အဝန်းတစ်ခုလုံး၏ အကျိုးစီးပွားများကို ဆောင်ကြဉ်းပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၌ နျူကလီးယားစွန့်ပစ်ပစ္စည်းပြဿနာ ကွန်ဂရက်လွှတ်တော်တွင် ဆွေးနွေးမည်

ဝါရှင်တန် စက်တင်ဘာ ၁၇

အမေရိကန်နိုင်ငံ၌ ယခုရက်သတ္တပတ်အတွင်း နျူကလီးယား အညစ်အကြေးပြဿနာကို အချေအတင်ဆွေးနွေးရန် စီစဉ်ထားကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းတွင်ဖော်ပြသည်။ အမေရိကန်နိုင်ငံတွင် အရပ်ဘက်သုံး နျူကလီးယားစက်ရုံ ၁၀၃ ရုံရှိ ဓာတ်ပေါင်းဖိုများက စွန့်ထုတ်သော နျူကလီးယား အညစ်အကြေးပမာဏမှာ တစ်နှစ်လျှင် မက်ထရစ်တန် ၂၀၀၀ ခန့်ရှိသည်။ နျူကလီးယား အညစ်အကြေးများသည် ရေဒီယိုသတ္တိကြွမှု မြင့်မားသော ဘေးထွက်ပစ္စည်းဖြစ်သည်၊

ထိုစဉ်အတွင်း အမေရိကန်နိုင်ငံတွင် စွန့်ပစ်ရန် လိုအပ်သော နျူကလီးယားအညစ်အကြေး မက်ထရစ် တန်ချိန် ၅၄၀၀၀ ကို အအေးခံစနစ်ဖြင့်ထားရှိခြင်း (သို့မဟုတ်) သိုလှောင်ထားခြင်း ပြုလုပ်နေရသည်။ အမေရိကန်နိုင်ငံရှိ နီဗားဒါးသဲကန္တာရတွင် နျူကလီးယားအညစ်အကြေးစွန့်ပစ်မှုကို ရပ်ဆိုင်းရန် နောက်ဆုံး အချိန်ဇယား သတ်မှတ်ပေးခဲ့မှုမှာ ယခုအခါ ရှစ်နှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နျူကလီးယားအညစ်အကြေးများ စွန့်ပစ်နိုင်မည့်နေရာကို ရှာဖွေနေရဆဲဖြစ်သည်။

အရပ်ဘက်သုံး နျူကလီးယားစက်ရုံများမှ စွန့်ပစ်ပစ္စည်းများနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရန် အခွင့်အာဏာကို ၁၉၅၄ ခုနှစ်တွင် ကွန်ဂရက်လွှတ်တော်က လွှဲပြောင်းရယူခဲ့သည်။ ***အင်တာနက်။***

ဆွစ်ဇာလန် နယ်စပ်တွင် ကားနှစ်စီးတိုက်မိ

ဂျီနီဗာ စက်တင်ဘာ ၁၇

ဆွစ်ဇာလန်နိုင်ငံ နယ်စပ်ဒေသရှိ အေ-၁၃ အဝေးပြေးလမ်းပေါ်ရှိ ဗီယာဇာလာ ဥမင်လမ်းတွင် စနေနေ့က မော်တော်ကားနှစ်စီး တိုက်မိရာ ခြောက်ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အီတလီနှင့် ဩစတြီးယားနိုင်ငံတို့နှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် ဘတ်စ်ကားတစ်စီးနှင့် ပုဂ္ဂလိကပိုင် ကားတစ်စီးတို့ တိုက်မိရာတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ ဂျပန်စေလွှတ်ဖွယ်ရှိ

တိုကျို စက်တင်ဘာ ၁၇

ဂျပန်နိုင်ငံသည် လက်ဘနွန်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ စေလွှတ်ဖွယ်ရှိကြောင်း၊ဂျပန်နိုင်ငံသည် လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂမစ်ရှင်လုပ်ငန်းအတွက် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်း၌ အကူအညီပေးရန် လိုလားကြောင်း စက်တင်ဘာ ၁၁ ရက် သတင်းများတွင် ဖော်ပြသည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကမူလက်ဘနွန်သို့ တပ်ဖွဲ့စေလွှတ်ရေးကိစ္စကို တိတိပပ ထုတ်ဖော်ပြောကြားခြင်းမရှိ သေးပေ။ မိမိတို့သည် လက်ဘနွန်သို့ တပ်ဖွဲ့စေလွှတ်ရေးကိစ္စကို စတင်ဆွေးနွေးခြင်းမရှိသေးကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဂျပန်နိုင်ငံသည် အီရတ်နိုင်ငံသို့ တပ်ဖွဲ့စေလွှတ်ပေးခဲ့ရာ အီရတ်နိုင်ငံတောင်ပိုင်း ဆမ်မာဝါမြို့သို့ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဂျပန်တပ်ဖွဲ့ဝင် ၅၅၀ ခန့်ကို စေလွှတ်ပေးခဲ့သည်။ ***အင်တာနက်။***

မိုက်ခရိုဆော့ဖ် ကုမ္ပဏီက ထုတ်လုပ်သော ဇွန်းမီဒီယာပလေယာအသစ်တစ်မျိုးကို အမေရိကန်နိုင်ငံ ရက်မွန်မြို့၌ ပြသထားသည်ကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကိုတွင် မုန်တိုင်းတိုက်ခတ်

လော့စ်ကာဘို့စ် (မက္ကဆီကို) စက်တင်ဘာ ၁၇

မက္ကဆီကိုနိုင်ငံ ကော်တက်ပင်လယ်ကမ်းရိုးတန်းဒေသတွင် စနေနေ့က ဟာရီကိန်းမုန်တိုင်း တိုက်ခတ်ခဲ့ကြောင်း၊ မုန်တိုင်းနှင့်အတူ လေပြင်းများပါတိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကမ္ဘာ့လှည့်ခရီးသွားများ အပန်းဖြေစခန်းကို ပိတ်ထားလိုက်ရကြောင်းကယ်ဆယ်ရေးလုပ်သားများက ပြောကြားသည်။

မိုင် ၁၂၀ နှုန်း

ပစိဖိတ်ကမ်းရိုးတန်းတွင် ဟာရီကိန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မန်ဇာနီလိုမြို့တွင် သစ်ပင်များလဲကျခဲ့သည်။ တစ်နာရီလျှင် မိုင် ၁၂၀ နှုန်းဖြင့် လေပြင်း တိုက်ခတ်ခဲ့ပြီး မုန်တိုင်းအင်အားမှာ အဆင့် ၃ ရှိကြောင်း မီယာမီမြို့ရှိ အမေရိကန် ဟာရီကိန်းဗဟိုဌာနက ပြောကြားသည်။

ထုတ်ပြန်

ဘာဂျာကယ်လီဖိုးနီးယား ဒေသ လော့စ်ကာဘို့စ်မြို့ရှိ အပန်းဖြေစခန်းတွင် မုန်တိုင်းအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့သည်။

လာရောက်

အဆိုပါ အပန်းဖြေ စခန်းတွင် ဂေါက်သီး ကစားခြင်း၊ လှေလှော်ရွက်တိုက်ခြင်းနှင့် အပျော်ငါးဖမ်းခြင်းတို့ ပြုလုပ်နိုင်ပြီး အမေရိကန် ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့ရှိရာ နေရာတစ်နေရာ ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



ပထမဆုံး အမျိုးသမီးအာကာသခရီးသည်တစ်ဦးကို သယ်ဆောင်သွားသော ရုရှား ဆိုယုဇ်တီအမ်အေ-၉ အာကာသယာဉ်ကို ကာဇက်စတန်ရှိ အာကာသလွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၁၈ရက်က လွှတ်တင်လိုက်စဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်-အီတလီ ကုန်စည်ပြပွဲ ကျင်းပ

ကွမ်ကျိုး စက်တင်ဘာ ၁၇

တရုတ်-အီတလီ အသေးစားနှင့် အလတ်စားလုပ်ငန်း ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ သောကြာနေ့တွင်ဖွင့်လှစ်ရာ ယင်းပြပွဲသည် နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှု မြှင့်တင်ရေးအတွက် အရေးကြီးသောအခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း အီတလီနိုင်ငံ ဝန်ကြီးချုပ် ရိုမာနိုပရိုဒီက ဖွင့်ပွဲအခမ်းအနား၌ ပြောကြားသည်။

အီတလီ-တရုတ် အစုစပ်စီးပွားရေးလုပ်ငန်း မြှင့်တင်ရန် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ဦးဆောင်ကာ ကွမ်ကျိုးမြို့သို့ လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း ပရိုဒီက ပြောကြားသည်။ အဆိုပါ အဖွဲ့တွင် ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းရှင် ၇၀၀ နီးပါး ပါဝင်သည်။

ယင်းကုန်စည်ပြပွဲသည် နှစ်နိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ပူးပေါင်း ဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ရရှိရေး အတွက် သင့်လျော်သည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်ပေးလိုက်ခြင်း ဖြစ်ကြောင်း တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဇင်ပေ့ယန်က ပြောကြားသည်။

တရုတ်ကုမ္ပဏီ ၄၀၀၀ကျော်နှင့် အီတလီကုမ္ပဏီ ၇၆၀ ကျော်တို့သည် ယင်းတို့၏ ကုန်ပစ္စည်းများကို ကုန်စည်ပြပွဲတွင် ပြသလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မွန်ပြည်နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပ
တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၆ ခုနှစ် မွန်ပြည်နယ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေး ဆယ်စုနှစ် ၂၀၀၃–၂၀၁၂ အခမ်းအနားကို စက်တင်ဘာ ၈ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အထက(၆) ရတနာမွန်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်၊ ပြည်နယ်ပညာရေးမှူး ဦးထွန်းရီ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မွန်ပြည်နယ် ၁၀မြို့နယ် မြို့နယ်ပညာရေးမှူးများ၊ ဆရာကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မွန်ပြည်နယ်ပညာရေးမှူး ဦးထွန်းရီက နိုင်ငံတကာနှင့် မြန်မာနိုင်ငံ စာတတ်မြောက်မှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား၊ ကျောင်းသူများအား တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ခင်းကျင်းပြသထားသော စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ပြခန်းကို တိုင်းမှူးနှင့် ဇနီးတို့က ကြည့်ရှုလေ့လာကြသည်။ **(ယာပုံ)** (၃၀၇)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့ ရွာဦးစန္ဒာရုံကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရိက "သရဏဂုံ သုံးပါး ရင်ဝယ်ပိုက်ထား အပါယ်မလားတရားတော်"ကို စက်တင်ဘာ ၂၁ရက် မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် မြန်မာ့အသံ မြန်မာပိုင်းအစီအစဉ်မှ အသံလွှင့် ဟောကြားတော်မူမည်ဖြစ်သည်။ (သတင်းစဉ်)

သံတမန်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာဥပဒေ
သင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်ရေးနှင့် သုတေသနဌာန (ယူနီတာ)တို့ ပူးပေါင်းဖွင့်လှစ်သည့် အစိုးရအရာထမ်းများအတွက် သံတမန်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Summit Parkview **ဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များ၊ ယူနီတာမှ နည်းပြဆရာများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနများမှ သင်တန်းသားသင်တန်းသူ၊ အရာထမ်း ၃၀ တို့ တက် ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် ပဋိပက္ခများ ဖြေရှင်းဆောင်ရွက်ခြင်း၊ စေ့စပ်ညှိနှိုင်းခြင်းပညာ၊ ကွန်ဖရင့် ဒီပလိုမေစီ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ စသည့် ဘာသာရပ်များကို အထူးပြုပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တ သုံးပတ်ဖြစ်သည်။ (သတင်းစဉ်)

သံတမန်ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေသင်တန်း အမှတ်စဉ် (၁/၂၀၀၆)ဖွင့်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရန် ကြေညာချက်

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန် မိမိတို့ စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံများကို စက်တင်ဘာ ၂၁ ရက်မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်သည်။

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၅ ရက်အထိ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင် (ပိတ်ရက်မရှိ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက် လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၅၀၃၁၄၇နှင့် ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃)ရပ်ကွက် (၂၇)လမ်းနေ ဦးတင်စိန်–ဒေါ်ကြင်သိန်း၊ သား ကိုလှဩး–မရင်ရင်နွယ်၊ ကိုညီညီကျော်–မလွင်နှင်းနှင်း၊ မြေး မောင်အေးမင်းသူ၊ မောင်ရဲလင်းထူး၊ မောင်သန်းကျော်ဆက် (ရွှန်းလဲ့မေမိသားစု) က စက်တင်ဘာ ၉ ရက်တွင် တောင်တန်းသာသနာပြု ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀သိန်းကို အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်ထံ ပေးအပ်စဉ်။ (က–ပ)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)
အသင်းသားအသစ်များဆက်သွယ်ရန် ဖိတ်ခေါ်

ရန်ကုန် စက်တင်ဘာ ၁၈

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယအကြိမ်အလုပ်အမှုဆောင် အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ကျင်းပရာ သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးသန်းလွင်က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူးဦးအေးလွင်က ဆောင်ရွက်သည်။

အလုပ်အမှုဆောင် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ခရမ်းမြို့နယ်အသင်း (ရန်ကုန်)သည် မြို့နယ်၏ ပညာရေး၊ လူမှုရေး စသည့် သာရေး၊ နာရေးကိစ္စရပ်များကို ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်၍ စိတ်ပါဝင်စားသူဒေသခံများနှင့် ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများအနေဖြင့် အသင်းသားအဖြစ် စာရင်းပေးသွင်းနိုင်ရန် ဥက္ကဋ္ဌ ဦးသန်းလွင် ဖုန်း–၀၉၅၁၄၈၀၉၇၊ အတွင်းရေးမှူး ဦးအေးလွင် ဖုန်း–၅၀၃၃၉၄နှင့် တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းကြိုင် ဖုန်း–၀၉၅၀၁၉၂၇၃ တို့ထံ ဆက်သွယ်ကြရန် ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲတွင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးသန်းဦးက ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မောင်ဝေဘုန်းဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူး၍ စတုတ္ထအကြိမ် စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲ၊ ပခုက္ကူဦးအုံးဖေ စာပေဆုရ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးမြသိန်း (မိုးထက်မြင့်–မြစ်ဝကျွန်းပေါ်) အား ဂုဏ်ပြုပွဲနှင့် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့တွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)က ပခုက္ကူဦးအုံးဖေ စာပေဆုရ ဦးမြသိန်း (မိုးထက်မြင့်–မြစ်ဝကျွန်းပေါ်)အား မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ပြီး မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယက ဦးသန်းဦးက ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော မောင်ဝေဘုန်းဦးအား ဆုချီးမြှင့်သည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ပိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ စက်တင်ဘာ ၁၂ရက်မှ ၁၆ရက်အထိကျင်းပခဲ့သည့် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက် အာဏာပိုင်များ၏ (၁၂)ကြိမ်မြောက် နိုင်ငံတော်အဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး၊ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်ကို၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်း၊ အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးကျင်လင်း၊ ဦးတင်ထွတ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်တင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် မြန်မာ-အိန္ဒိယ နယ်စပ်နယ်ဘက် အာဏာပိုင်များ၏ (၁၂)ကြိမ်မြောက် နိုင်ငံတော်အဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာရာ ကြိုဆိုနှုတ်ဆက်သူများနှင့် အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဘုရားဖူးစာတော်ပြန်ပွဲ အချိန်စာရင်း

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းမှ ကြီးမှူးကျင်းပမည့် (၇၅)ကြိမ်မြောက် စိန်ရတု ဘုရားဖူးစာတော်ပြန်ပွဲကို ပုဇွန်တောင်မြို့နယ် ဘုရားဖူးစာသင်တိုက်၌ နိုဝင်ဘာ ၁၈ ရက်တွင် အကြီးတန်း၊ အငယ်တန်း အာဂုံ၊ ၁၉ ရက်နှင့် ၂၀ ရက်တွင် မူလတန်း အာဂုံ၊ ၂၂ ရက်မှ ၂၆ ရက်အထိ စာချတန်း ရေးဖြေ၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အကြီးတန်း ရေးဖြေ၊ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် အငယ်တန်း ရေးဖြေနှင့် ၂၆ ရက်တွင် မူလတန်း ရေးဖြေတို့ကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဝင်ခွင့်လွှာထုတ်ယူထားသော သံဃာတော်များသည် စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဝင်ခွင့်လွှာများကို ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

တရုတ်-မြန်မာဓာတ်ပုံပြပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

တရုတ်-အာဆီယံ ချစ်ကြည်ရင်းနှီးသော ဆွေးနွေးဘက် ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ် တရုတ်-မြန်မာ ဓာတ်ပုံပြပွဲ Dynamic Beijing & Scenic Beauty of Myanmar Photo Exhibitionကို စက်တင်ဘာ ၂၀ရက်မှ ၂၆ရက်ထိ နေ့စဉ် နံနက် ၁၀နာရီမှ ညနေ၄နာရီအထိ ရန်ကုန်မြို့ အမျိုးသားပြတိုက် ပထမထပ် ဘက်စုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ စာကြည့်တိုက်၊ ပြတိုက်နှင့် ပြပွဲများ စစ်ဆေးရေးကော်မတီ၏ ပြပွဲပြသခွင့်ပြုသည့် လက်မှတ်ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူးထံ ပေးအပ်သည်။

အဆိုပါပြပွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဓာတ်ပုံပညာရှင်များ၏ လက်ရာ ၈၆ပုံနှင့် မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ၏ လက်ရာ ၂၃ပုံတို့ကို ခင်းကျင်းပြသထားမည်ဖြစ်ရာ အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တရုတ်-အာဆီယံ ချစ်ကြည်ရင်းနှီးသော ဆွေးနွေးဘက် ဆက်ဆံရေး ထူထောင်သည့် (၁၅)နှစ်မြောက် အထိမ်းအမှတ် တရုတ်-မြန်မာ ဓာတ်ပုံပြပွဲ ပြသခွင့်ပြုလက်မှတ်ကို စာကြည့်တိုက်၊ပြတိုက်နှင့် ပြပွဲများ စစ်ဆေးရေးကော်မတီက တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှု သံမှူးထံပေးအပ်စဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဖွင့်လှစ်သည့် နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းကို ပဲခူးမြို့ သီရိဟံသာခန်းမတွင် စက်တင်ဘာ ၁၁ရက် နံနက် ၉နာရီက ဖွင့်လှစ်ရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ပါမောက္ခ ဒေါ်ဌေးဌေးက နှစ်သိမ့်ဆွေးနွေး အကြံပေးသင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

(အပေါ်ပုံ)

ပေးအပ်

စက်တင်ဘာ ၁၃ရက် ညနေ ၃နာရီတွင် သင်တန်းဆင်းပွဲကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တာဝန်ရှိသူများက သင်တန်းသူ ၃၂ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

ကွယ်လွန်သူ ဒေါ်ရှုကြူ(မြိတ်မြို့)အား ရည်စူး၍ လမ်းမတော်မြို့နယ် လမ်းသစ်လမ်းနေ ဦးချစ်စိုး-(ဒေါ်ရှုကြူ) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံရယူစဉ်။

(က-ပ)

မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး လက်တွေ့သရုပ်ပြ ရှင်းလင်းပွဲကို စက်တင်ဘာ ၁၂ရက်က မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်ရုံး၌ပြုလုပ်ရာ မြန်မာသီဟကုမ္ပဏီမှ လက်ထောက်မန်နေဂျာ ဦးထွန်းဝင်းသိန်းနှင့်အဖွဲ့က မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဝန်ထမ်းများနှင့်အတူ လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြလေ့ကျင့်စဉ်။

(ကုန်သည်/စက်မှု)

လုပ်ငန်းခွင်ဆက်သွယ်ရေးကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၈

အာဆီယံအဖွဲ့ဝင် နိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း စီမံကိန်းအရ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အစီအစဉ်ဖြင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က အကောင်အထည်ဖော် ကျင်းပသည့် လုပ်ငန်းခွင်ဆက်သွယ်ရေး ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပတ်(ခ်)ရွိုင်ရယ်ဟိုတယ်၌ ကျင်းပရာ အာဆီယံ အတွင်းရေးမှူးချုပ်ရုံး IAI Unit မှ Technical Officer (Project), Ms. Chandrasa Edhityas Sjamsudinက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စင်ကာပူသမ္မတနိုင်ငံ Polytechnicမှ သင်တန်းဆရာ Ms. Oringa Vathanasinနှင့် Ms. Evelyn Teresa Louisတို့က မိတ်ဆက်စကား ပြောကြားကြ၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝေမြင့်က သင်တန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

တက်ရောက်

သင်တန်းသို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား အရာရှိ ၂၀တို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၀ရက်အထိ ဖြစ်သည်။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့သည် အာဆီယံနိုင်ငံများအတွင်း စုစည်းညီညွတ်မှုရှိရန် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့် နိုင်ငံပိုင်ကဏ္ဍ၏ စွမ်းဆောင်မှု တည်ဆောက်ရေး သင်တန်းများနှင့် စပ်လျဉ်း၍ ဆက်သွယ်ရန် အဖွဲ့အစည်းအဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံး၏ အစီအစဉ်ဖြင့် သင်တန်းငါးခုကို ကျင်းပပြီးစီးခဲ့ကာ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် နောက်ထပ် သင်တန်း လေးခုကိုလည်း ၂၀၀၆ခုနှစ်အတွင်း ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်တီ မဟာသရဏဂုံ သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိ စာသင်တိုက်၌ လယ်တီ မဟာသရဏဂုံတော်ကြီး ရိုးရိုးတန်းသုံးဆင့်နှင့် ဂုဏ်ထူးတန်း နှစ်ဆင့်သင်တန်းများကို စက်တင်ဘာ ၃၀ရက်(စနေနေ့)တွင် စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူများ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းခြ
မြန်မာနိုင်ငံ၏မိတ်ဆွေ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံအပေါ် အနိုင်ကျင့်ဖိနှိပ်သည့် ဆုံ

☆ ရှေ့ဖုံးမှ

၃။ ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းခြင်းသည် မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ကောင်စီအတွင်း တွင်ဆွေးနွေးရန် ခွင့်ပြုခြင်းသာဖြစ်ပါသည်။ မြန်မာနိုင်ငံအားအရေးယူရန် ခွင့်ပြုခဲ့ခြင်းမဟုတ်ပါ။ ထိုသို့ လုံခြုံရေးကောင်စီ၏ အာဂျင်ဒါတွင် ထည့်သွင်းရန် မဲခွဲမှုအဆင့်၌ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံ အနက် ကိုးနိုင်ငံကထောက်ခံလျှင် အတည်ဖြစ်ပါသည်။ ဤကိစ္စမျိုးတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဗီတိုအာဏာသုံး ကန့်ကွက်ပယ်ချခွင့် မရှိပါ။ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် Resolution သည်သာလျှင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအပေါ် အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရန် ဩဇာသက်ရောက်မှုရှိပါသည်။ သို့သော် လုံခြုံရေးကောင်စီတွင် နိုင်ငံ တစ်နိုင်ငံနှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက် Resolution ချမှတ်နိုင်ရန်မှု အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံနှင့် အလှည့်ကျအဖွဲ့ဝင်လေးနိုင်ငံ စုစုပေါင်း အနည်းဆုံးကိုးနိုင်ငံ၏ထောက်ခံမှုကို ရရှိရန်လိုအပ်ပါသည်။ အကယ်၍ အမြဲတမ်းအဖွဲ့ဝင်တစ်နိုင်ငံက ကန့်ကွက်ခဲ့လျှင် ထိုဆုံးဖြတ်ချက်ကို အတည်မပြုနိုင်သည်ကို တွေ့ရပါသည်။ ထိုကဲ့သို့ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတစ်ခုက ကန့်ကွက်ပယ်ချခြင်းကို ဗီတိုအာဏာသုံးခြင်းဟု ခေါ်ဆိုခြင်းဖြစ်ပါသည်။ **ထို့ကြောင့် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီ၏ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းခြင်းကို မမှန်မကန်ဆောင်ရွက်သောလုပ်ရပ်အဖြစ် ရှုမြင်ကန့်ကွက်ခဲ့ကြသော မြန်မာနိုင်ငံ၏ မိတ်ဆွေ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများသည် မြန်မာနိုင်ငံပေါ် အနိုင်ကျင့်ဖိနှိပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကြိုးစားမှုများကိုလည်း ဆက်လက်ကန့်ကွက် ပယ်ချသွားကြမည်သာဖြစ်ပါသည်။**

၄။ အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နိုင်ရေးကို အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှ ယခုအချိန်တွင် ကုလသမဂ္ဂကို အသုံးချပြီး မြန်မာနိုင်ငံအပေါ် ဖိအားပေးရန်ကြိုးစားလာသည်ကို တွေ့ရပါသည်။ **လုံခြုံရေးကောင်စီတွင် မဲဆန္ဒပေးရာ၌ အမေရိကန်နိုင်ငံသည် အလှည့်ကျအဖွဲ့ဝင်နိုင်ငံများကို နိုင်ငံရေးအရဖိအားပေးခြင်း၊ စီးပွားရေးအရအကျပ်ကိုင်ခြင်း၊ နိုင်ငံတကာအကူအညီများဖြင့်ဆွဲဆောင်ခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး ၎င်းတို့လိုအပ်သော ထောက်ခံမဲများရအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံနှင့် အစဉ်အလာအရ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုရှိခဲ့သော ဂျပန်နိုင်ငံသည်ပင်လျှင် မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင်ဆွေးနွေးရန် အမေရိကန်နိုင်ငံ၏ ဆောင်ရွက်မှုများကို လက်မခံကြောင်း ထုတ်ပြန်ကြေညာခဲ့ရာမှ ယခုအခါတွင် အမေရိကန်၏ နိုင်ငံရေးဖိအားပေးမှုအောက်တွင် သဘောထားပြောင်းလဲသွားခဲ့သည်ကို ဝမ်းနည်းဖွယ် တွေ့ခဲ့ရပါသည်။ ဤသည်မှာ ဒုတိယကမ္ဘာစစ်အတွင်း၌ မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းပိုက်ပြီး ဖက်ဆစ်ဝါဒဆိုးဖြင့် အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ရက်စက်ခဲ့သည်ကို မြန်မာပြည်သူများက အာဃာတ မထား အမုန်းမပွားဘဲ စိတ်သဘောထားဖြူစင်စွာဖြင့် ခွင့်လွှတ်မေ့ဖျောက်ခဲ့မှုအပေါ် မထောက်ထားမငဲ့ကွက်သည့် လုပ်ရပ်ပင်ဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အာရှတိုက်သားအချင်းချင်း ရိုင်းပင်းကူညီရမည့်အစား မျက်နှာကြီးရာ ဟင်းဖတ်ပါသည့်လုပ်ရပ်ဖြစ်နေကြောင်း တွေ့ရှိရပါသည်။** အလားတူပင် မြန်မာနိုင်ငံအရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်စေခြင်းမရှိဘဲ ပြည်တွင်းရေးပြဿနာသက်သက်သာ ဖြစ်သည်ဟု ယုံကြည်နေသော အလှည့်ကျအဖွဲ့ဝင်နိုင်ငံအချို့သည်လည်း ဖိအားအမျိုးမျိုးအောက်တွင် သဘောထား ပြောင်းလဲသွားခဲ့သည်ကို တွေ့ရပါသည်။ **မိမိတို့အနေဖြင့် ထိုနိုင်ငံများ၏အခြေအနေကို စာနာနားလည် သဘောပေါက်သော်လည်း ယခုကဲ့သို့ လုံခြုံရေးကောင်စီ၏အခွင့်အာဏာကို နိုင်ငံကြီးတစ်ခု၏အကျိုးစီးပွားအတွက်အသုံးပြုကာ နိုင်ငံငယ်တစ်ခု၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ရန်ကြိုးစားမှုမျိုးသည် ထိုနိုင်ငံများအပါအဝင် ကျန်နိုင်ငံငယ်များအပေါ်တွင်လည်း အချိန်မရွေးကျရောက်လာနိုင်ကြောင်း သတိပေးလိုပါသည်။**

ဥပဒေဖောက်ဖျက်သူများကို နိုင်ငံရေးသမား၊ သာမန်ပြည်သူဟု ခွဲခြားမှုမပြုဘဲ တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်

၅။ အမေရိကန်နိုင်ငံက လုံခြုံရေးကောင်စီ အလှည့်ကျအဖွဲ့ဝင်နိုင်ငံများထံမှ ထောက်ခံမှုများရရှိစေရန်အတွက် နိုင်ငံတကာအကူအညီများဖြင့် စည်းရုံးသိမ်းသွင်းခဲ့သည်မှာ မသင့်မလျော်သည့်လုပ်ရပ် ဖြစ်သည်ကို တွေ့ရပါသည်။ ထိုသို့ မသင့်မလျော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍လည်း အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်၌ ပြုလုပ်သည့် လေ့လာချက် စာတမ်းတစ်ခုတွင်လည်း ဆွေးနွေးဝေဖန်ထောက်ပြထားသည်ကို တွေ့ရှိနိုင်ပါသည်။

၆။ ထိုကဲ့သို့ အမေရိကန်နိုင်ငံ၏ နည်းမျိုးစုံဖြင့် ဖိအားပေးမှု၊ စည်းရုံးမှုများရှိနေသည့်တိုင် မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များကို သိရှိသော၊ ကုလသမဂ္ဂနှင့် လုံခြုံရေးကောင်စီကို နိုင်ငံတစ်ခု၏ အကျိုးစီးပွား ဖော်ဆောင်ရာ ယန္တရားတစ်ခုအဖြစ် အသုံးပြုခြင်းအား လက်မခံသော မိတ်ဆွေနိုင်ငံများက မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်ထောက်ခံခဲ့သည်ကိုလည်း တွေ့ရပါသည်။ ထိုနိုင်ငံများ၏ ရပ်တည်ချက်အပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက အလေးအနက် ကျေးဇူးတင်ရှိကြောင်းကိုလည်း ဤနေရာတွင် တစ်ပါတည်း ဖော်ပြလိုပါသည်။

၇။ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် စွပ်စွဲမှုအမျိုးမျိုးပြုလုပ်ပြီး လုံခြုံရေးကောင်စီတွင် တင်ပြရန် ကြိုးစားနေမှုများကို နိုင်ငံတကာက ဆန့်ကျင်ကန့်ကွက်မှုများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဥက္ကဋ္ဌကလည်း ဇူလိုင် (၁၀) ရက်နေ့စွဲဖြင့် ဘက်မလိုက်အဖွဲ့၏ကိုယ်စား လုံခြုံရေးကောင်စီဥက္ကဋ္ဌထံသို့ လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေခြင်းမရှိသော အဖွဲ့ဝင်နိုင်ငံတစ်ခု၏ အရေးကိစ္စကို တရားဝင်သော်လည်းကောင်း၊ အလွတ်သဘောသော်လည်းကောင်း၊ လုံခြုံရေးကောင်စီ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် (၂၄) နှင့် ဆန့်ကျင်နေကြောင်း၊ ထို့ကြောင့် **မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်အတွင်းသို့ရောက်ရှိအောင် လုံခြုံရေးကောင်စီ အဖွဲ့ဝင် နိုင်ငံကြီးတစ်နိုင်ငံက အတင်းဖိအားပေးဆောင်ရွက်နေခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က ဆန့်ကျင်ကန့်ကွက်ကြောင်း စာရေးသားပေးပို့ခဲ့ပြီးဖြစ်ပါသည်။ အလားတူပင် စက်တင်ဘာ (၁၅)ရက် လုံခြုံရေးကောင်စီဆွေးနွေးမှုတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံ၏ အခြေအနေကို သေချာစွာ လေ့လာရန်လိုကြောင်း၊ လုံခြုံရေးကောင်စီသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများကိုသာ အရေးယူဆောင်ရွက်ရမည်ဖြစ်ရာ လူ့အခွင့်အရေး၊ ဒုက္ခသည်၊ မူးယစ်ဆေးဝါးနှင့် အေအိုင်ဒီအက်စ်ကိစ္စများကို ဆွေးနွေးမည်ဆိုပါက ယင်းသို့သော အခြေအနေမျိုးရှိသည့် နိုင်ငံတိုင်းကို ဆွေးနွေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများက မြန်မာနိုင်ငံအရေးသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ယုံကြည်ခြင်းမရှိကြောင်း၊ ဒေသတွင်းနိုင်ငံတစ်ခုက လုံခြုံရေးကောင်စီသို့ အဆိုတင်သွင်းခြင်း မဟုတ်ဘဲ ဝေးလံသည့်ဒေသမှ နိုင်ငံတစ်ခုက ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု ပြောဆိုနေခြင်းသည် အဓိပ္ပာယ်မရှိသည့် လုပ်ရပ်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စကို လုံခြုံရေးကောင်စီတွင် ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်ကိုလည်း တွေ့ရပါသည်။ အလားတူပင် ကာတာနိုင်ငံ ကိုယ်စားလှယ်ကလည်း မြန်မာနိုင်ငံအခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုနေသည်ဟု မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများက မယူဆကြောင်း၊ မြန်မာနိုင်ငံအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းခြင်းသည် မလျော်ကန်ကြောင်း၊ သံတမန်ရေးရာလမ်းကြောင်းကိုပါ ပိတ်သွားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအခြေအနေအား လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းရေးကြိုးပမ်းမှုကို ကာတာနိုင်ငံအနေဖြင့် ပယ်ချကြောင်း ဆွေးနွေးခဲ့သည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂ၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းစီရင်မှု အာဏာအတွင်း ကျရောက်နေသော ကိစ္စများတွင် အဖွဲ့ကြီးက ဝင်ရောက်စွက်ဖက်ခြင်းပြုရန် အခွင့်အာဏာမရှိကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် ၁၉၈၁ခုနှစ် ဒီဇင်ဘာ (၉) ရက်က အထွေထွေညီလာခံမှ အတည်ပြုခဲ့သည့် နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေး ကြေညာစာတမ်း၌ နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေးပြဿနာများကို မမှန်မကန်အသုံးချခြင်းမှ ရှောင်ကြဉ်ရမည်ဟု ဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်ချက်များသည် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်များ၊ ကြေညာချက်များနှင့်ကိုက်ညီမှုမရှိကြောင်း တွေ့ရမည်ဖြစ်ပါသည်။**

၈။ အမေရိကန်နိုင်ငံမှ တင်ပြခဲ့သည့် မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကိုထိခိုက်စေသည်ဆိုသောအဆိုမှာ ကြောင်းကျိုးခိုင်လုံမှုမရှိဘဲ တစ်ဖက်သတ် စွပ်စွဲပြောဆိုမှုသာဖြစ်ကြောင်းကို မိမိတို့အနေဖြင့် အကြိမ်ကြိမ် ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ယခုလည်း ထိုစွပ်စွဲချက်များကိုပင် အ
ချေပလိုပါသည်–

(က) **နိုင်ငံရေး အကျဉ်းသားများ**
အမေရိကန်နှင့်အပေါင်းပါမျ
အကျဉ်းသားတစ်ထောင်ကျေ
မကန် စွပ်စွဲပြောကြားခဲ့ကြပါ
၌ နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီ
မရှိပါ။ တည်ဆဲတရားဥပဒေ
ရာဇဝတ်သားများ၊ နိုင်ငံတော်
ရေးတို့ကို ထိပါးနှောင့်ယှက်နေ
တရားဥပဒေနှင့်အညီ ဖမ်းဆီ
သည်။ မြန်မာနိုင်ငံသာမဟု
အာဏာပိုင်နိုင်ငံမဆို မိမိနိုင်င
များ၊ အကြမ်းဖက်သမားမျာ
ပြုလုပ်လျက်ရှိသည်ကို တွေ
ပြစ်မှုကျူးလွန်သူများကို
အောက်သို့ ထည့်သွင်းခြင်းသ
ပြုရာရောက်သည့်အပြင် ရာ
သမားများကို အကာအကွ
နိုင်ငံတော်အစိုးရအနေဖြင့်
နိုင်ငံရေးသမား၊ သာမန်ပြည်သ
နှင့်အညီသာ အရေးယူဆောင်
အကျဉ်းသားများကို လွှတ်ပေး
တို့ကိုလည်း တရားရေးဆိုင်ရ
အညီသာ ဆောင်ရွက်သွာ
ဒေါ်စုကြည်အား တားဆီးမိန့်
ဒေါ်စုကြည်သည် အမိန့်ဟူသ
ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်
ရေး၊ ပြည်ပအားကိုးရေးဆို
တိုင်းရင်းသားစည်းလုံးညီညွ
တည်ငြိမ်မှုပျက်ပြားအောင်၊
ရပ်တန့်ပျက်ပြားအောင်၊ ဒီမို
ပျက်ပြားအောင် စသည့်အဖျက်
ရွက်နေသူဖြစ်သောကြောင့်
ဖျက်ဆီးလိုသူများ၏ ဘေးအန္တ
သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ
တားဆီးမိန့် ထုတ်ပြန်ထိန်း

(ခ) **ဒုက္ခသည်ပြဿနာ။** ၁၉၉၂ ခု
တွင် တည်ငြိမ်အေးချမ်း
တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေ
နေသော ရွာသူ၊ ရွာသားများ
အခြေချ နေထိုင်နေပြီဖြစ်ပါ
ဝင်ရောက်လာသော တိုင်းရ
ကလည်း မိမိတို့ဒေသ ဖွံ့ဖြိုး
အစိုးရနှင့် ပူးပေါင်းဆောင်ရွက်
အစိုးရကလည်း နယ်စပ်ဒေသ
ဌာနတစ်ခုဖွဲ့စည်းပြီး ဆောင်ရွ
ယနေ့ တစ်ဖက်နိုင်ငံရှိ ဒုက္ခသ
နေထိုင်သူများမှာ သောင်းကျ
သားချင်းများသာဖြစ်သည်ကို
ပြည်ပြေးအဖွဲ့များနှင့် ဆန့်ကျ
စီးပွားရေးအရ တရားမဝင် အ
သော အလုပ်သမားများကို ဒု
လျက်ရှိသည်ကို တွေ့ရပါသ
မဟုတ်ဘဲ တရားမဝင် အ
ထို့ကြောင့် ထိုအလုပ်သမားမျ
အလုပ်သမားဝန်ကြီးဌာနက
ညှိနှိုင်း သဘောတူညီချက်
အထည်ဖော်နေပြီဖြစ်ပါသည်

(ဂ) **မူးယစ်ဆေးဝါးပြဿနာ။** မြ
ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုမျ
တိုက်ဖျက်လျက်ရှိသည်ကို ဂ
နိုင်ငံတကာက သိရှိပြီးဖြစ်ပါသ
နှိမ်နင်းရေး လုပ်ငန်းများကို

ဒေါ်စုကြည်အား တားဆီးမိန့် ထုတ်ပြန်ထားရခြင်းမှာလည်း ဒေါ်စုကြည်သည် အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နှင့် ပိတ်ဆို့ရေး၊ ပြည်ပအားကိုးရေးဆိုသော မူဝါဒများကို ကိုင်စွဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်တွင်း တည်ငြိမ်မှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ရပ်တန့်ပျက်ပြားအောင်၊ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေးပျက်ပြားအောင် စသည့် အဖျက်အမှောင့်လုပ်ငန်းများကိုဆောင် ရွက်နေသူဖြစ်သောကြောင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက် သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ ဥပဒေနှင့်အညီသာ နေအိမ်တွင် တားဆီးမိန့် ထုတ်ပြန်ထိန်းသိမ်းခဲ့ရခြင်းဖြစ်။

...တွင် ထည့်သွင်းခြင်းကို မမှန်မကန်ဆောင်ရွက်သောလုပ်ရပ်အဖြစ် ရှုမြင်ကန့်ကွက်ခဲ့ကြသော ...ကျင့်ဖိနှိပ်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ကြိုးစားမှုများကို ကန့်ကွက်ပယ်ချသွားကြမည်သာဖြစ်

ယခုလည်း ထိုစွပ်စွဲချက်များကိုပင် အကျဉ်းအားဖြင့် ထပ်မံရှင်းလင်း ချေပလိုပါသည်–

(က) **နိုင်ငံရေး အကျဉ်းသားများဆိုသူများကို ဖမ်းဆီးထားရှိမှု။** အမေရိကန်နှင့်အပေါင်းပါများက မြန်မာနိုင်ငံတွင် နိုင်ငံရေး အကျဉ်းသားတစ်ထောင်ကျော်ကို ဖမ်းဆီးထားကြောင်း မမှန်မကန် စွပ်စွဲပြောကြားခဲ့ကြပါသည်။ **လက်တွေ့တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီးထားသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ တည်ဆဲတရားဥပဒေတစ်ခုခုကို ချိုးဖောက်သောသူများ၊ ရာဇဝတ်သားများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံအေးချမ်းရေးတို့ကို ထိပါးနှောင့်ယှက်နေသော အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း ထားမှုများသာရှိပါသည်။ မြန်မာနိုင်ငံသာမဟုတ်ဘဲ မည်သည့်အချုပ်အခြာ အာဏာပိုင်နိုင်ငံမဆို မိမိနိုင်ငံ၏ တရားဥပဒေကို ချိုးဖောက်သူများ၊ အကြမ်းဖက်သမားများကို ဥပဒေအရ အရေးယူမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ပြစ်မှုကျူးလွန်သူများကို နိုင်ငံရေးအကျဉ်းသားခေါင်းစဉ် အောက်သို့ ထည့်သွင်းခြင်းသည် အမှန်တရားကို မျက်ကွယ်ပြုရာရောက်သည့်အပြင် ရာဇဝတ်သားများ၊ အကြမ်းဖက် သမားများကို အကာအကွယ်ပေးရာ ရောက်နေပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဖောက်ဖျက်သူများကို နိုင်ငံရေးသမား၊ သာမန်ပြည်သူဟုခွဲခြားမှုမပြုဘဲ တရားဥပဒေ နှင့်အညီသာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို အကျဉ်းသားများကို လွှတ်ပေးခြင်း၊ ဆက်လက်ထိန်းသိမ်းခြင်း တို့ကိုလည်း တရားရေးဆိုင်ရာ အဖွဲ့အစည်းများက ဥပဒေနှင့် အညီသာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အတူ ဒေါ်စုကြည်အား တားဆီးမိန့် ထုတ်ပြန်ထားရခြင်းမှာလည်း ဒေါ်စုကြည်သည် အမိန့်ဟူသမျှ ဆန့်ကျင်ရေး၊ ထိပ်တိုက် ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေး၊ ပိတ်လေးပိတ်နှင့် ပိတ်ဆို့ ရေး၊ ပြည်ပအားကိုးရေးဆိုသော မူဝါဒများကို ကိုင်စွဲပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်တွင်း တည်ငြိမ်မှုပျက်ပြားအောင်၊ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ရပ်တန့်ပျက်ပြားအောင်၊ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေး ပျက်ပြားအောင် စသည့်အဖျက်အမှောင့်လုပ်ငန်းများကို ဆောင် ရွက်နေသူဖြစ်သောကြောင့် နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက် သည့် ဥပဒေပုဒ်မ ၁၀(ခ)အရ ဥပဒေနှင့်အညီသာ နေအိမ်တွင် တားဆီးမိန့် ထုတ်ပြန်ထိန်းသိမ်းခဲ့ရခြင်းဖြစ်ပါသည်။**

(ခ) **ဒုက္ခသည်ပြဿနာ။** ၁၉၉၂ ခုနှစ်နောက်ပိုင်း နယ်စပ်ဒေသများ တွင် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော ဒုက္ခသည်များ၊ တိမ်းရှောင် နေသော ရွာသူ၊ ရွာသားများသည် မိမိတို့နေရပ်သို့ပြန်လည် အခြေချ နေထိုင်နေပြီဖြစ်ပါသည်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိနေပါသည်။ နိုင်ငံတော် အစိုးရကလည်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် သီးခြားဝန်ကြီး ဌာနတစ်ခုဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။ **သို့ပါ၍ ယနေ့ တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းအမည်ခံနေရာများတွင် နေထိုင်သူများမှာ သောင်းကျန်းသူများနှင့် ၎င်းတို့၏ ဆွေမျိုး သားချင်းများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ သို့သော် ပြည်ပြေးအဖွဲ့များနှင့် ဆန့်ကျင်ဘက် အဖွဲ့များက ပြည်ပတွင် စီးပွားရေးအရ တရားမဝင် သွားရောက်နေထိုင် လုပ်ကိုင်နေ သော အလုပ်သမားများကို ဒုက္ခသည်အဖြစ် ထည့်သွင်းဖော်ပြ လျက်ရှိသည်ကို တွေ့ရပါသည်။** ထိုသူများမှာ ဒုက္ခသည်များ မဟုတ်ဘဲ တရားမဝင် အလုပ်သမားများသာဖြစ်ပါသည်။ ထို့ကြောင့် ထိုအလုပ်သမားများကိစ္စကို ဖြေရှင်းနိုင်ရန်အတွက် အလုပ်သမားဝန်ကြီးဌာနက သက်ဆိုင်ရာ နိုင်ငံနှင့် ဆွေးနွေး ညှိနှိုင်း သဘောတူညီချက် ရရှိခဲ့ပြီးဖြစ်ကာ စတင်အကောင် အထည်ဖော်နေပြီဖြစ်ပါသည်။

(ဂ) **မူးယစ်ဆေးဝါးပြဿနာ။** မြန်မာနိုင်ငံအစိုးရသည် မူးယစ် ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများကို (၁၅)နှစ်စီမံကိန်း ချမှတ်ပြီး တိုက်ဖျက်လျက်ရှိသည်ကို ကုလသမဂ္ဂ၊ အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာက သိရှိပြီးဖြစ်ပါသည်။ **ထိုမူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေး လုပ်ငန်းများကိုလည်း မြန်မာတစ်နိုင်ငံတည်း အနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ ကုလသမဂ္ဂနှင့်လည်းကောင်း၊ အမေရိကန်နိုင်ငံ၊ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ စသည့်နိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ အမေရိကန်နိုင်ငံနှင့် ပူးတွဲပြုလုပ်သော တိုင်းတာ ချက်များအရလည်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာ ကျဆင်းခဲ့ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်ပါ သည်။** မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ၏ အောင်မြင်မှုများကို သံတမန်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ သတင်းဌာနများကို ဖိတ်ခေါ်ရှင်းလင်းပြသပြီး လက်တွေ့လေ့လာစေခြင်းများကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး လည်း ဖြစ်ပါသည်။ ထိုအခမ်းအနားများတွင်လည်း မူးယစ် ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှုများကို မည်သည့် အဖွဲ့အစည်းများက ကျူးလွန်နေကြသည် ဆိုသည်ကိုလည်း အထောက်အထားများဖြင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါ သည်။ ၂၆–၆–၂၀၀၆ ရက်နေ့ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် မူးယစ်ဆေးဝါးများ ဖျက်ဆီးသည့် အခမ်း အနားအထိ မီးရှို့ဖျက်ဆီးပြီးသော မူးယစ်ဆေးဝါးများ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၄၈၀၉၉၇၁၀၇၇) ရှိခဲ့ပြီးဖြစ်ပါ သည်။ ဤသည်ကို ထောက်ရှုပါက မြန်မာနိုင်ငံသည် မူးယစ် ဆေးဝါးတားဆီးနှိမ်နင်းတိုက်ဖျက်ရေးကို ထိထိရောက်ရောက် ဆောင်ရွက်နေကြောင်းထင်ရှားပါသည်။ ထို့ပြင် ကုလသမဂ္ဂ (UNODC)၏ ၂၀၀၅ခုနှစ် အစီရင်ခံစာတွင်လည်း မြန်မာ နိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၁ခုနှစ်မှ၂၀၀၅ခုနှစ်အတွင်း (၆၀) ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဖော်ပြထားပါသည်။ အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက် ရေးအဖွဲ့ Counter Narcotics and Crime, CNC အဖွဲ့၏ အစီရင်ခံစာတွင်လည်း ၁၉၉၆ခုနှစ်နှင့်နှိုင်းယှဉ်လျှင် ဘိန်း စိုက်ပျိုးမှု (၈၀)ရာခိုင်နှုန်း ကျဆင်းသွားကြောင်းနှင့် ၂၀၀၄ခုနှစ် တွင် ဘိန်းထုတ်လုပ်မှု (၈၈)ရာခိုင်နှုန်း ကျဆင်းသွားကြောင်း ဖော်ပြထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ အနောက်အုပ်စု သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းမှ တာဝန်ရှိသူများ သည် နယ်စပ်ဒေသများသို့ ၎င်းတို့အစီအစဉ်ဖြင့် အကြိမ်ကြိမ် သွားရောက်၍ လေ့လာရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါသည်။ ထို့ကြောင့် မူးယစ်ဆေးဝါး ပြဿနာကြောင့် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေသည့်ဆိုသည့် အချက်မှာ ဖြောင်ကျကျ လိမ်ညာစွပ်စွဲချက်သာဖြစ်ကြောင်း ထိုအဖွဲ့ အစည်းများမှ တာဝန်ရှိသူများကိုယ်တိုင် သိရှိကြပြီး ဖြစ်ပါ သည်။

(ဃ) **ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျား ရောဂါများဖြစ်ပွားမှု။** မြန်မာနိုင်ငံတွင် ခုခံအား ကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါနှင့်ငှက်ဖျားရောဂါဖြစ်ပွားမှုများကို ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကျန်းမာရေးစီမံချက် ကိုရေးဆွဲပြီး ကာကွယ်ခြင်း၊ ပညာပေးခြင်း၊ ကုသခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံ တကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အင်န်ဂျီအိုများနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ **ထိုရောဂါသုံးမျိုး တိုက်ဖျက်ရေးတွင် Global Fund အနေဖြင့် ရန်ပုံငွေ အများဆုံးထည့်ဝင်နေသော အမေရိကန်နိုင်ငံ၏ နိုင်ငံရေးအရ ဖိအားပေးမှုကြောင့် ရပ်သိမ်းသွားခဲ့သော်လည်း ထိုဆုံးဖြတ် ချက်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက သဘောမတူသဖြင့် 3D Fund စီမံချက်အသစ်ဖြင့် ပြန်လည်အစားထိုးရန် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ ထိုစီမံချက်အသစ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ဥရောပသမဂ္ဂ၏ ကူညီဆောင်ရွက်မှုများကို နိုင်ငံတော်နှင့် ပြည်သူတို့က အထူးကျေးဇူးတင် အသိအမှတ်ပြုပြီး ထိုလုပ်ငန်းများ အောင်မြင်ရေးအတွက် အစွမ်းကုန်ကူညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သောစာရင်းဇယားများကိုလေ့လာပါက မြန်မာနိုင်ငံတွင် ထိုရောဂါသုံးမျိုးဖြစ်ပွားမှုမှာ လျော့ကျလာနေပြီး အချို့အိမ်နီးချင်းနိုင်ငံများထက် ဖြစ်ပွားနှုန်းလျော့နည်းနေသည်ကို လေ့လာတွေ့ရှိ နိုင်ပါသည်။ အေအိုင်ဒီအက်စ်ဖြစ်ပွားမှုသည် နည်းရာမှများရာသို့ ကူးစက်ပျံ့နှံ့ခြင်းမဟုတ်ဘဲ များရာမှ နည်းရာသို့သာ ကူးစက်ပျံ့နှံ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ပျံ့နှံ့သည်ဆိုခြင်းမှာ ကျိုးကြောင်းခိုင်လုံမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့အပြင် ကျန်းမာရေး ဝန်ကြီးဌာနကလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်နေရာ မြန်မာနိုင်ငံတွင် ထိုရောဂါသုံးမျိုး ဖြစ်ပွားမှုနှုန်း မြင့်မားမှုကြောင့် ပတ်ဝန်းကျင်နိုင်ငံများသို့ ပျံ့နှံ့ဒုက္ခပေးနိုင်သည်ဆိုသည့်အချက်မှာ ခိုင်လုံမှုမရှိသော ပုံကြီးချဲ့ပြောကြားမှုသာဖြစ်ကြောင်း ထင်ရှားနေပါသည်။

၉။ မြန်မာနိုင်ငံ၏ အခြေအနေများသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် လုံခြုံရေးအခြေအနေကိုထိခိုက်စေခြင်း ရှိမရှိ ဆန်းစစ်မည်ဆိုပါက **၁၉၈၈–၁၉၉၂ ခုနှစ်တစ်ဝိုက်အထိ မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် သောင်းကျန်းသူအဖွဲ့ အမျိုးမျိုးသည် အခိုင်အမာစခန်းကြီးများတည်ဆောက်ကာ မြန်မာနိုင်ငံမှ သယံဇာတ ပစ္စည်းများခိုးထုတ်ခြင်း၊ မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း၊ ထိုလုပ်ငန်းများမှရရှိသည့် ငွေများဖြင့် မှောင်ခိုလက်နက်များ ဝယ်ယူအသုံးပြုခြင်းတို့ကို ထုထည်ကြီးမားစွာဖြင့်ပြုလုပ်ခဲ့ကြပါသည်။ နိုင်ငံတော်အနေဖြင့် ထိုအချိန်က နယ်စပ်ဒေသများကို စိုးမိုးနိုင်ခြင်းမရှိသောကြောင့် ထိုဒေသများတွင် လက်နက်နှင့် မူးယစ်ဆေးဝါးမှောင်ခိုဈေးကွက်များ အကြီးအကျယ်ပေါ်ပေါက်ခဲ့ပါသည်။ ထိုစခန်းများနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း တပ်မအဆင့် တိုက်ပွဲကြီးများ၊ အမြောက်ပစ်ကူ၊ လေကြောင်းပစ်ကူဖြင့် တိုက်ခိုက်ရသောတိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပါသည်။ ယခုအချိန်၌ မြန်မာနိုင်ငံအတွင်းတွင် သောင်းကျန်းသူများ၏ အခိုင်အမာစခန်းကြီးများ တစ်ခုမျှမရှိတော့ပါ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး (၁၇)ဖွဲ့နှင့် အဖွဲ့ငယ်**

တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်း အမည်ခံနေရာများတွင် နေထိုင်သူများမှာ သောင်းကျန်းသူများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများသာဖြစ်

(၁၈)ဖွဲ့မှာ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်ခဲ့ပြီး လက်ကျန်သောင်းကျန်းသူအဖွဲ့သုံးဖွဲ့မှာလည်း တစ်ဖက် နိုင်ငံရှိ ဒုက္ခသည်စခန်းဟု ဆိုသောနေရာများတွင်သာ အခြေပြုနေထိုင်ပြီး လှုပ်ရှားမှုအနည်းငယ်သာ ဆောင်ရွက်နိုင်ပါသည်။ ယခုအခါ နယ်စပ်ဒေသအားလုံးနီးပါးတွင် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီဖြစ်ပါသည်။ အဆိုပါ ၁၉၈၈–၁၉၉၂ခုနှစ်တစ်ဝိုက်ရှိ အခြေအနေများ ၌ပင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု စွပ်စွဲခဲ့ခြင်းမရှိဘဲ ယခုကဲ့သို့ ထိုစဉ်ကထက် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုများ အဆမတန်သာလွန်နေသော

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

၁၉၈၈–၁၉၉၂ ခုနှစ်တစ်ဝိုက်အထိ မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် သောင်းကျန်းသူအဖွဲ့ အမျိုးမျိုးသည် အခိုင်အမာစခန်းကြီးများ တည်ဆောက်ကာ မြန်မာနိုင်ငံမှ သယံဇာတပစ္စည်းများ ခိုးထုတ်ခြင်း၊ မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း၊ ထိုလုပ်ငန်းများမှရရှိသည့် ငွေများဖြင့် မှောင်ခိုလက်နက်များ ဝယ်ယူအသုံးပြုခြင်းတို့ကို ထုထည်ကြီးမားစွာဖြင့် ပြုလုပ်ခဲ့။

ထိုစခန်းများနှင့် ပတ်ဝန်းကျင်ဒေသများတွင်လည်း တပ်မအဆင့် တိုက်ပွဲကြီးများ၊ အမြောက်ပစ်ကူ၊ လေကြောင်း ပစ်ကူဖြင့် တိုက်ခိုက်ရသောတိုက်ပွဲ ကြီးများ ဖြစ်ပွားခဲ့။

အဆိုပါ ၁၉၈၈–၁၉၉၂ခုနှစ်တစ်ဝိုက်ရှိ အခြေအနေများ ၌ပင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုထိခိုက်စေသည်ဟု စွပ်စွဲခဲ့ခြင်းမရှိ။

နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထားများကို ယခင်က အကြိမ်ကြိမ် ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ် ယခုအကြိမ်တွင်လည်း ထိုစဉ်ကသဘောထားများအတိုင်း ပြောင်းလဲမှုမရှိဘဲ ရပ်တည်နေကြောင်း ထပ်မံဖော်ပြလို

✧ စာမျက်နှာ ၉ မှ

အခြေအနေမျိုးတွင်မှ စွပ်စွဲပြောဆိုခြင်းသည် ကျိုးကြောင်းခိုင်လုံမှု လုံးဝမရှိကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရေးသည် လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စမဟုတ်ဘဲ လုံခြုံရေးကောင်စီကို အသုံးချ၍ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည်သာ မြန်မာနိုင်ငံတွင် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်စီးစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်စေမည့် ခြိမ်းခြောက်မှုအမှန်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

၁၀။ အထက်ပါအချက်များကို ထောက်ရှုပါက အမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်ရန်အတွက် လုံခြုံရေးကောင်စီသို့ တင်ပြရန်လိုအပ်သည်ဟု ကြိုတင်ဆုံးဖြတ်ပြီးမှ ထိုအချက်ကို အထောက်အကူပြုနိုင်မည့် အချက်အလက်များကို ရှာဖွေခဲ့ကြောင်း၊ ထိုရည်ရွယ်ချက်ကို အထောက်အကူပြုမည့် လုပ်ကြံသတင်းအချက်အလက်များကို ပြည်တွင်းပြည်ပ ပုဆိန်ရိုးများထံမှ ရယူခဲ့ကြောင်း၊ ထိုပုဆိန်ရိုးအဖွဲ့အစည်းများကလည်း သတင်းမှားများ၊ ပုံကြီးချဲ့သတင်းများ၊ လုပ်ကြံသတင်းများကို အမေရိကန်တို့အလိုကျပုံသွင်းပေးပို့ခဲ့ကြောင်း ထင်ရှားနေပြီဖြစ်ပါသည်။

၁၁။ ထိုသို့ဆိုလျှင် အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှ နိုင်ငံငယ်တစ်ခုဖြစ်သော မြန်မာနိုင်ငံ၏ အရေးကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန်မည်သည့်အတွက်ကြောင့် အားကြိုးမာန်တက် ဆောင်ရွက်နေသည်ကို ဆန်းစစ်ရန် လိုအပ်လာပါသည်။ စစ်အေးတိုက်ပွဲကာလကပင် အမေရိကန်နိုင်ငံသည် အရှေ့တောင်အာရှဒေသသို့ ကွန်မြူနစ်ဝါဒပြန့်ပွားမှုကို ဟန့်တားနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ခြေကုပ်စခန်းများချထား နိုင်ရန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုမူဝါဒ၏ အကျိုးဆက်အဖြစ် အမေရိကန်လက်ဝေခံ ပြည်ပတပ်များ ရှမ်းပြည်နယ်တွင် ဝင်ရောက်အခြေချ သိမ်းပိုက်ခဲ့ခြင်း၊ ရှမ်းပြည်နယ်ကို သီးခြားနိုင်ငံအဖြစ် ထူထောင်ပြီး အရှေ့တောင်အာရှ စစ်စာချုပ်အဖွဲ့(ဆီတိုး)သို့ ဝင်ရောက်ရန် ကြိုးစားစေခြင်းစသော ပြည်ထောင်စုကြီးကို ပြိုကွဲအောင်ကြံစည်ကြိုးစားလုပ်ဆောင်မှုများ ပေါ်ပေါက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့အပြင် တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကာလတွင်လည်း တစ်ဖက်က လူမျိုးရေးအခြေခံ လက်ယာဝါဒီ သောင်းကျန်းသူများကို အကူအညီပေးသကဲ့သို့ ဆိုရှယ်လစ်အစိုးရကိုလည်း စီးပွားရေး၊ စစ်ရေးအကူအညီများပေးပြီး မြန်မာပိုင်နက်နယ်မြေအတွင်း အခြေစိုက်စခန်းများထားရှိခွင့်ရအောင် ကြိုးစားလုပ်ဆောင်မှုများ ပြုလုပ်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

၁၂။ သို့သော် ထိုကြိုးစားမှုများမှာ အောင်မြင်မှုမရှိခဲ့သောကြောင့် ၁၉၈၈ ခုနှစ် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားချိန်မှစ၍ မြန်မာနိုင်ငံ၌ ၎င်းတို့အလိုကျ အစိုးရတစ်ရပ် ပေါ်ပေါက်လာအောင် ထပ်မံကြိုးစားလုပ်ဆောင်ခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်ပါသည်။ သို့သော် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအနေဖြင့် ပြည်ပစွက်ဖက်မှုကို လက်မခံဘဲ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေးကို မိမိစွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်လာခဲ့ရာ အမေရိကန်နိုင်ငံအနေဖြင့် ထိုအခြေအနေကို လုံးဝလက်မခံနိုင်ဘဲဖြစ်ခဲ့ရပါသည်။ **စစ်အေးလွန်ခေတ် အမေရိကန်နိုင်ငံ၏ အမျိုးသားလုံခြုံရေး မဟာဗျူဟာအရ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက်တွင် အမေရိကန်နိုင်ငံကို ယှဉ်ပြိုင်နိုင်မည့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ မပေါ်ပေါက်နိုင်တော့သော်လည်း ဒေသဆိုင်ရာအဆင့်တွင် အမေရိကန်နိုင်ငံ၏ အကျိုးစီးပွားကို စိန်ခေါ်နိုင်မည့်နိုင်ငံများ မပေါ်ပေါက်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ထားခဲ့ရာ ဒေသတွင်း အင်အားကြီးနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မြန်မာနိုင်ငံသည် အမေရိကန်တို့၏ အာရှတိုက်ဆိုင်ရာ မဟာဗျူဟာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပါသည်။ ထိုအချိန်တွင် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများ၌ မြန်မာနိုင်ငံတွင် မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်စွဲခွင့်မပြုဟုပါရှိရာ ထိုအချက်ကို အမေရိကန်က သဘောမကျပါ၊ ထို့အတူ အသေးစိတ်အခြေခံရမည့်မူများတွင်လည်း တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊ နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားခံစားရသော အခွင့်အရေးများကို ခံစားခွင့်ရှိသူ၊ နိုင်ငံခြားအစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းများကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း အထောက်အပံ့ရယူသူများမှာ ရွေးချယ်ခံပိုင်ခွင့်မရှိဟု ပါဝင်ခဲ့ရာ ထိုအချက်များကိုလည်း အမေရိကန်နှင့် အပေါင်းပါ ပုဆိန်ရိုးများက သဘောမကျပါ။**

၁၃။ ထို့ကြောင့်ပင် အမေရိကန်နိုင်ငံနှင့် ပြည်တွင်း၊ ပြည်ပရှိ ဆန့်ကျင်ဘက် ပုဆိန်ရိုးအဖွဲ့အစည်းများသည် ထိုအခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများအပေါ်တွင် အခြေခံရေးဆွဲမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်မလာမီ မြန်မာနိုင်ငံတွင် ၎င်းတို့အလိုကျ အစိုးရတစ်ရပ် ပေါ်ပေါက်လာစေရေးအတွက် နည်းမျိုးစုံဖြင့် ပြည်တွင်း၊ ပြည်ပဟန်ချက်ညီ ချိန်ကိုက် ဆောင်ရွက်လျက်ရှိနေခြင်း ဖြစ်ပါသည်။

၁၄။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် အမေရိကန်နိုင်ငံတို့က ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အရ လွှတ်တော်ခေါ်ပေးရေး၊ သုံးပွင့်ဆိုင်ဆွေးနွေးရေးနှင့် NLD ပါတီနှင့် တွေ့ဆုံဆွေးနွေးရေးတို့ကိုပင် အစဉ်တစိုက် တောင်းဆိုခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုအချက်များနှင့်ပတ်သက်သည့် **နိုင်ငံတော်အစိုးရနှင့် ပြည်သူတို့၏ သဘောထားများကို ယခင်က အကြိမ်ကြိမ် ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါသည်။ ယခုအကြိမ်တွင်လည်း ထိုစဉ်ကသဘောထားများအတိုင်း ပြောင်းလဲမှုမရှိဘဲရပ်တည်နေကြောင်း ထပ်မံဖော်ပြလိုပါသည်–**

(က) NLD ပါတီအနေဖြင့် လွှတ်တော်ခေါ်ယူပေးရန်အတွက် တောင်းဆိုနိုင်ခွင့် ရှိ၊ မရှိ ဆန်းစစ်ရန် လိုအပ်မည်ဖြစ်ပါသည်။ **၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေ (၄၈၅)ခု၌ ရွေးကောက်ပွဲပြုလုပ်ခဲ့ရာ NLDပါတီသည် (၃၉၂) နေရာ အနိုင်ရရှိခဲ့ပါသည်။ ထိုသို့ အနိုင်ရရှိခဲ့ခြင်းမှာ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အများစုက NLD ကို ကြိုက်နှစ်သက်လွန်း၍ မဟုတ်ဘဲ ထိုစဉ်က လမ်းစဉ်ပါတီအစိုးရ၏ တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားကို မဆောင်ကြဉ်းပေးနိုင်သည့် အားနည်းချက်များအပေါ် ခံစားချက်နှင့်ပြောင်းလဲမှုကို လိုလားသည့် သဘောထားဖြင့် NLD အား မဲပေးခဲ့ကြခြင်းဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။ သို့ရာတွင် နောက်ပိုင်းကာလတစ်လျှောက်၌ NLD၏ ပြည်ပအားကိုးသည့်လုပ်ရပ်၊ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားထက် ပုဂ္ဂိုလ်ရေးနှင့် ပါတီရေးကိုသာ ရှေးရှုသည့်လုပ်ရပ်၊ ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် သွေဖည်ပြီး ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေး လုပ်ရပ်အမှားများကို တွေ့မြင်သိရှိလာသဖြင့် မဲဆန္ဒနယ်မြေ ၄၈ ခုမှ မဲဆန္ဒရှင်ပြည်သူများက ၁၉၉၀ ပြည့်နှစ်၌ ၎င်းတို့ဆန္ဒပေး အရွေးမှားခဲ့သော NLD ရွေးချယ်ခံ ကိုယ်စားလှယ်များအား ၁၉၉၈ ခုနှစ်၌ လူထုအစည်းအဝေးပွဲကြီးများ ကျင်းပကာ ပြန်လည်ဖြုတ်ချခဲ့ကြကြောင်း တွေ့ရှိရပါသည်။ ထိုသို့ ပြန်လည်ဖြုတ်ချခဲ့ရာတွင် မူလကပေးခဲ့သည့် မဲအရေအတွက်ထက် ပြန်လည်ဖြုတ်ချသည့် မဲအရေအတွက်က ပိုမိုသာလွန်များပြားနေကြောင်း တွေ့ရှိရပါသည်။** ဥပမာ–မန္တလေးတိုင်း တောင်သာ(၂)မှ ဦးသန်းထွန်းအား ယခင်က (၃၀၀၇၄)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၅၆၄၉၆)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ စစ်ကိုင်းတိုင်း မြင်းမူ(၂)မှ ဦးဘာဘာအား ယခင်က (၁၆၄၇၇)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၂၃၃၀၄)ဦးက ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။ မွန်ပြည်နယ် မော်လမြိုင်(၁)မှ ဦးလွန်းတင်အား ယခင်က (၃၉၆၂၄)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၆၆၀၁၂)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ မကွေးတိုင်း နတ်မောက်(၁)မှ ဦးဗိုထွေးအား ယခင်က (၂၅၈၀၆)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၅၄၀၈၄)ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ ပဲခူးတိုင်း တောင်ငူ(၂)မှ ဦးညွန့်ဝေအား ယခင်က (၂၀၄၀၁)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၃၄၃၈၄)ဦးက ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။ ဧရာဝတီတိုင်း မော်လမြိုင်ကျွန်း(၁)မှ ဦးလှဖေအား ယခင်က (၂၄၉၆၀)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ ၆၆၇၉၉ ဦးက ဖြုတ်ချခဲ့ခြင်းဖြစ်ပါသည်။ ရန်ကုန်တိုင်း သုံးခွ(၁)မှ ဦးလွင်အား ယခင်က (၁၈၁၈၉)ဦးသာ မဲပေးခဲ့ပြီး ပြန်လည်ဖြုတ်ချသည့်အခါ (၃၃၆၉၂)ဦးက ဖြုတ်ချခဲ့ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖော်ပြပါမဲဆန္ဒနယ်မြေ (၄၈)ခုမှ NLD ကိုယ်စားလှယ်များ စုစုပေါင်း ရရှိခဲ့သော ထောက်ခံမဲအရေအတွက်မှာ (၁၁၃၄၇၂၄)မဲဖြစ်ပြီး ၎င်း NLD ကိုယ်စားလှယ်များအား မလိုလားတော့သဖြင့် ပြန်လည်ဖြုတ်ချသည့် မဲအရေအတွက်မှာ (၂၂၈၆၉၄၅)မဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ **ယခုအချိန်အခါတွင် ထိုသို့ အရွေးခံရသော ကိုယ်စားလှယ်များအနက် တစ်သီးပုဂ္ဂလအဖြစ်ပြောင်းလဲသူ (၃၄)ဦး၊ သေဆုံးသူ (၃၉)ဦး၊ နုတ်ထွက်သူ (၉၂)ဦး၊ အရည်အချင်း ပျက်ယွင်းသူ (၁၄၄)ဦး ရှိသဖြင့် NLD ကိုယ်စားလှယ် စုစုပေါင်း (၈၃)ဦးသာ ကျန်ရှိသည်ကို တွေ့ရပါသည်။ တစ်သီးပုဂ္ဂလနှင့် အခြားပါတီများမှ ကိုယ်စားလှယ်များပါဝင်ပါက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၂၄)ဦးသာ ကျန်ရှိသည်ကို တွေ့ရပါသည်။ ထို့ကြောင့် NLD ကိုယ်စားလှယ်များသည် ရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်း၏ (၁၇ ဒသမ ၁၁) ရာခိုင်နှုန်း၊ လက်ကျန်ကိုယ်စားလှယ် စုစုပေါင်း၏ အရေအတွက်မှာ ရွေးချယ်ခံကိုယ်စားလှယ် စုစုပေါင်း၏ (၂၅ ဒသမ ၅၇) ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ နိုင်ငံတကာ အခြေခံဥပဒေများကိုလေ့လာပါက လွှတ်တော်အစည်းအဝေး ခေါ်ယူရန်အတွက် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် သုံးပုံတစ်ပုံမှ တောင်းဆိုရန် လိုအပ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း လွှတ်တော်ခေါ်ယူရန်အတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၃၄ ရာခိုင်နှုန်းက တောင်းဆိုပါက နိုင်ငံတော်ကောင်စီမှ လွှတ်တော်အစည်းအဝေးကို အမြန်ဆုံးခေါ်ယူပေးရမည်ဟု သတ်မှတ်ထားခဲ့ပါသည်။ ထို့ကြောင့် NLD အမတ် ၈၃ ဦး၏ လွှတ်တော်ခေါ်ပေးရန် တောင်းဆိုမှုမှာ နိုင်ငံတကာစံများနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကယ်၍ နိုင်ငံတော်အစိုးရက လွှတ်တော်**

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

မြန်မာနိုင်ငံအရေးသည် လုံခြုံရေးကောင်စီက ကိုင်တွယ်ဖြေရှင်းရမည့် ကိစ္စမဟုတ်ဘဲ လုံခြုံရေးကောင်စီကို အသုံးချ၍ ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းသည်သာ မြန်မာနိုင်ငံတွင် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်စီးစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးအား ထိခိုက်စေမည့် ခြိမ်းခြောက်မှု အမှန်ဖြစ်။

NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန် အကြောင်းမရှိ အမျိုးသားညီလာခံကိုသာ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်

● စာမျက်နှာ ၁၀ မှ

အစည်းအဝေးကို ခေါ်ယူပေးသည့်တိုင် လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ (၂၅ဒသမ ၅၇)ရာခိုင်နှုန်းသာ တက်ရောက်သည့် လွှတ်တော်အစည်းအဝေးသည် အစည်းအဝေး အထမမြောက်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ မဖြစ်နိုင်သောအချက်အလက်များကို ကိုင်ဆွဲပြီး တောင်းဆိုနေခြင်းသည် နိုင်ငံတော်အစိုးရကို ဖိအားပေး အကျပ်ကိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်းသာဖြစ်သောကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် လက်ခံရန် အကြောင်းမရှိသည်မှာ ထင်ရှားနေပြီဖြစ်ပါသည်။ ထို့ပြင် ၁၉၉၀ပြည့်နှစ်က မြန်မာနိုင်ငံတွင် လူဦးရေ(၄၂)သန်းခန့်ရှိပြီး မဲပေးနိုင်သူ သန်း(၂၀)ကျော်သာရှိခဲ့ပါသည်။ ယခုအချိန်တွင် လူဦးရေမှာ(၅၅)သန်းကျော်ရှိလာပြီး မဲပေးနိုင်သူ(၂၇)သန်းခန့် ရှိနေပြီဖြစ်သောကြောင့် မဲဆန္ဒရှင် ခြောက်သန်းကျော် တိုးတက်လာခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူများ၏ အသိပညာ ဗဟုသုတ မြင့်မားလာမှုကြောင့် ပြည်တွင်းရေးရာ၊ နိုင်ငံတကာရေးရာများကို ပိုမိုလေ့လာသိရှိပြီး အမှားအမှန်ကို ခွဲခြားဆန်းစစ်နိုင်မှုလည်း မြင့်မားလာပြီဖြစ်ပါသည်။ **တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများသည်လည်း လက်ရှိအခြေအနေတွင် ၁၉၉၀ပြည့်နှစ်ထက် များစွာ တိုးတက်ပြောင်းလဲနေပြီဖြစ်ပါသည်။ ထို့ကြောင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ဆက်လက်ဆုပ်ကိုင်ထားခြင်းသည် တိုးပွားလာသော မဲဆန္ဒရှင် ပြည်သူများနှင့် အတွေ့အကြုံ မြင့်မားရင့်ကျက်လာသော ပြည်သူများ၏ သဘောထားကို လျစ်လျူရှုရာရောက်နေပါသည်။**

(ခ) သုံးပွင့်ဆိုင်ဆွေးနွေးရေးနှင့် ပတ်သက်၍လည်း **ယနေ့ကျင်းပနေသော အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ ရွေးချယ်ခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စားလှယ်များသာမက နိုင်ငံတော်၏ လူထုလူတန်းစားအသီးသီးကို အခြေခံသော အစုအဖွဲ့ရှစ်ဖွဲ့ပါဝင်လျက် အမျိုးသားညီလာခံကို ကျင်းပနေပြီဖြစ်ရာ သုံးပွင့်ဆိုင်ဆွေးနွေးပွဲထက် ပိုမိုကျယ်ပြန့်ပြီး အမျိုးသားရေးအကျိုးစီးပွားကို ပိုမိုကိုယ်စားပြု ဖော်ဆောင်နိုင်သည်မှာ ထင်ရှားနေပါသည်။** ထို့အပြင် ကိုယ်စားလှယ်အစုအဖွဲ့များကို လေ့လာပါကလည်း အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ တိုင်းရင်းသားအရေးတို့နှင့် ပတ်သက်၍လည်းကောင်း၊ အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးတို့နှင့် ပတ်သက်၍လည်းကောင်း ကျွမ်းကျင်နှံ့စပ်သော၊ အတွေ့အကြုံ ဗဟုသုတကြွယ်ဝသော ကိုယ်စားလှယ်များ အများအပြားပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် ယခုကျင်းပနေသော အမျိုးသားညီလာခံသည် NLD တောင်းဆိုနေသော သုံးပွင့်ဆိုင်ဆွေးနွေးမှုထက် ပိုမိုကျယ်ပြန့်ပြီး ပြည်သူအများစု၏ အကျိုးစီးပွားကို ကိုယ်စားပြုကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ထို့ကြောင့် **အမျိုးသားညီလာခံ ပြင်ပတွင် ကျဉ်းမြောင်းသည့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲကျင်းပရန်ဆိုသည့်အချက်ကို တိုင်းရင်းသားပြည်သူများအနေဖြင့် လက်ခံနိုင်မည်မဟုတ်သည်မှာ ထင်ရှားနေပါသည်။**

(ဂ) NLD ပါတီနှင့် တွေ့ဆုံဆွေးနွေးရေးနှင့်ပတ်သက်၍လည်း NLD သည် ၁၉၉၃ခုနှစ်မှ ၁၉၉၅ခုနှစ်အထိ အမျိုးသားညီလာခံများတွင် ပါဝင်ဆွေးနွေးခဲ့ပြီးမှ အနောက်ဆရာကြီးများနှင့် ဒေါ်စုကြည်၏ညွှန်ကြားချက်အရ အမျိုးသားညီလာခံမှ ၎င်းတို့၏ သဘောအတိုင်း ထွက်ခွာသွားခဲ့ခြင်းဖြစ်ပါသည်။ သို့သော် နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၄ခုနှစ် အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရန် စီစဉ်ချိန်တွင် ညီလာခံမှ ၎င်းတို့ဆန္ဒအလျောက် ထွက်ခွာသွားခဲ့သော NLDပါတီကို ပြန်လည်ဖိတ်ခေါ်ခဲ့ပါသည်။ ထို့အပြင် ညီလာခံတက်ရောက်ရေးနှင့် ပတ်သက်ပြီး NLD ၏ တောင်းဆိုချက်များကိုလည်း လိုက်လျောဖြည့်ဆည်းပေးခဲ့ပါသည်။ သို့တိုင်အောင် NLD ပါတီက ညီလာခံတက်ရောက်ရန် ငြင်းဆန်ခဲ့ပါသည်။ တက်ရောက်ခြင်းမပြုခဲ့ပါ။ အလားတူပင် **အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်ရန်နှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရန် အတွက် ဒေါ်စုကြည်အား နိုင်ငံတော်အကြီးအကဲက လေးကြိမ်၊ ဝန်ကြီးအဆင့် တာဝန်ရှိသူများအဖွဲ့က အကြိမ်(၂၀) တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထိုသို့တွေ့ဆုံဆွေးနွေးပြီးနောက် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုကိုတည်ဆောက်နိုင်ရန်နှင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လာနိုင်ရန်အတွက် NLDနှင့် ဒေါ်စုကြည်အား လက်တွေ့အခွင့်အလမ်းများ အကြိမ်ကြိမ်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့သော် NLD နှင့် ဒေါ်စုကြည်အနေဖြင့် အမျိုးသားရေးအကျိုးစီးပွားကို ဦးစားပေးခြင်းမရှိဘဲ ပါတီနှင့်ပုဂ္ဂိုလ်တစ်ဦးချင်း၏အရေးကိုသာ ဦးစားပေးခဲ့သဖြင့် ရလဒ်ကောင်းများပေါ်ထွက်လာခြင်းမရှိသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ထို့ကြောင့် NLD အား ထပ်မံတွေ့ဆုံဆွေးနွေးရန်အကြောင်းမရှိပါ။ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်နိုင်ရန်အတွက် လိုအပ်သောအခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန်မှာ အမျိုးသားညီလာခံသည်သာ အကောင်းဆုံးသော ဆွေးနွေးညှိနှိုင်းနိုင်သည့်နေရာဟု ယုံကြည်ပါသည်။ သို့ပါ၍ အမျိုးသားညီလာခံကိုသာ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ပါသည်။**

၁၅။ ထို့ပြင် မိမိနိုင်ငံ၏ ပြည်တွင်းရေးကို လုံခြုံရေးကောင်စီက ဝင်ရောက်ဖြေရှင်းမှသာ ပြေလည်နိုင်မည်ဟု မျှော်လင့်နေသူများသည် နိုင်ငံတကာအခြေအနေများကို လေ့လာမှုမရှိဘဲ မိမိတို့ ပြည်သူများ၏ စွမ်းအားကို အထင်သေးနေသူများဖြစ်သည်မှာ ထင်ရှားနေပါသည်။ လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ပါဝင်ခြင်းသည် အခြေတင်ဆွေးနွေးသည့်အဆင့်သာဖြစ်ပါသည်။ ထိုဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံများ၊ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို နားလည်သောနိုင်ငံများ၊ အင်အားကြီးနိုင်ငံများ၏ ကုလသမဂ္ဂအား ကြိုးကိုင်အသုံးချရန် ကြိုးစားမှုများကို ဆန့်ကျင်သောနိုင်ငံများ စသည့်နိုင်ငံများက မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲဖိနှိပ်ရန်ကြိုးစားမှုများကို ဆက်လက်ဆန့်ကျင်သွားကြမည်သာဖြစ်ပါသည်။

၁၆။ ထို့ပြင် ၂၀၀၅ခုနှစ်တွင် လုံခြုံရေးကောင်စီသည် နိုင်ငံ၁၈နိုင်ငံနှင့် ပတ်သက်၍ (၅၇)ကြိမ် ဆွေးနွေးဆုံးဖြတ် Resolution ချခဲ့ပြီး ၂၀၀၆ခုနှစ်အတွင်းတွင်လည်း နိုင်ငံပေါင်း(၁၅)နိုင်ငံနှင့်ပတ်သက်၍ (၄၆)ကြိမ် ဆွေးနွေးဆုံးဖြတ် Resolution ချခဲ့သည်ကို တွေ့ရပါသည်။ သို့သော် ထိုနိုင်ငံများအနေဖြင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ် မူတည်ပြီး လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို လိုက်လံအကောင်အထည်ဖော်ခြင်းများရှိသကဲ့သို့ လိုက်နာမှုမရှိသည်ကိုလည်း တွေ့ရမည် ဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသနှင့်ပတ်သက်ပြီး လုံခြုံရေးကောင်စီသည် ၁၉၆၇ခုနှစ်မှ ၂၀၀၆ခုနှစ် ဇူလိုင်လအထိ ဆုံးဖြတ်ချက်ပေါင်း (၁၇၃)ခု ချမှတ်ခဲ့သော်လည်း နိုင်ငံတစ်နိုင်ငံသည် ထိုဆုံးဖြတ်ချက်များအနက် အချို့ဆုံးဖြတ်ချက်များကို ယနေ့အချိန်အထိ လိုက်နာအကောင်အထည်ဖော်ခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

၁၇။ နိုင်ငံတော်အစိုးရသည် ပြည်သူလူထု လိုလားသည့်အတိုင်း စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ်ကိုလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကိုလည်းကောင်း အကောင်အထည် ဖော်ဆောင်လျက်ရှိပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် လိုက်နာကျင့်သုံးမည့်မူဝါဒများအဖြစ် ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်(၁၂)ရပ်တို့ဖြင့်လည်းကောင်း၊ အကောင်အထည်ဖော်မည့် အဆင့်များကို ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့်လည်းကောင်း ခိုင်ခိုင်မာမာ တိတိကျကျ ဖော်ပြထားပြီးဖြစ်ပါသည်။ ထို့အပြင် **အနာဂတ်နိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစုများအနေဖြင့် ယခင်ကနှင့်မတူဘဲ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများ ပိုမိုရရှိစေမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်ထားပြီးလည်းဖြစ်ပါသည်။ ထို့ကြောင့် ထိုမူဝါဒလမ်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူတို့နှင့်အတူ မယိမ်းမယိုင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ပိတ်ဆို့အရေးယူမှုများကြောင့် ထိုမူဝါဒလမ်းစဉ်များကို ပြောင်းလဲကျင့်သုံးလိမ့်မည်မဟုတ်ပါ။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကိုလည်း အထိပါးခံလိမ့်မည်မဟုတ်ပါ။** ထို့အတူ ပြည်ပနိုင်ငံများ၏ ဖိအားပေး၊ အကျပ်ကိုင်မှုကို အခွင့်ကောင်းယူပြီး နိုင်ငံတော်၏ တည်ငြိမ်မှု၊ တရားဥပဒေစိုးမိုးမှု၊ အေးချမ်းသာယာမှု၊ ဒီမိုကရေစီဖော်ဆောင်မှုများကို ပျက်ပြားစေရန်နှင့် နိုင်ငံတော်အာဏာကို ဖြတ်လမ်းနည်း၊ အကြမ်းဖက်နည်းလမ်းများဖြင့် ရယူရန်ကြိုးစားလာသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကိုလည်း နိုင်ငံတော်နှင့်ပြည်သူတို့က မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ကြောင်း အလေးအနက်ဖော်ပြလိုက်ပါသည်။

(သတင်းစဉ်)

➪ **ကျောဖုံးမှ**

မြန်မာနိုင်ငံအား ကုလသမဂ္ဂလုံခြုံရေးကောင်စီ အာဂျင်ဒါတွင် တင်သွင်းခြင်းသည် လုံခြုံရေးကောင်စီက ၎င်း၏ လုပ်ပိုင်ခွင့်ဘောင်မှ ကျော်လွန်လုပ်ဆောင်ခြင်းဖြစ်သည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံက အဆိုပြုတင်သွင်းသည့်စာပိုဒ်တွင် "လုံခြုံရေးကောင်စီက အထွေထွေညီလာခံနှင့် စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လုပ်ပိုင်ခွင့်များအား ဝင်ရောက်စွက်ဖက်လုပ်ကိုင်ခြင်းကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့က စိုးရိမ်မကင်းဖြစ်ကြောင်း"ဟူသော စာပိုဒ်ကို ထိပ်သီးညီလာခံ ကြေညာစာတမ်းတွင် အောက်ပါအတိုင်းဖော်ပြခဲ့သည်–

"The Movement reiterates its concern over the continuing encroachment by the Security Council on the functions and powers of the General Assembly and the Economic and Social Council through addressing issues which traditionally fall within the comperence of the latter organs, and the attempts to enter the areas of norm-setting and establishing definitions which fall within the purview of the Assembly"

ထို့အပြင် လုံခြုံရေးကောင်စီဆိုင်ရာ ကဏ္ဍတွင် "နိုင်ငံအကြီးအကဲများနှင့် အစိုးရ အကြီးအကဲများက လုံခြုံရေးကောင်စီအား ပဋိညာဉ်စာချုပ်(ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်)ကို လေးစားလိုက်နာရန် တောင်းဆိုကြောင်း၊ လုံခြုံရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်မှု မရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်၍ လုံခြုံရေးကောင်စီတွင် အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာချုပ် အပိုဒ်(၂၄)နှင့် ဆန့်ကျင်သည်"ဆိုသည့်စာပိုဒ်ကို အောက်ပါအတိုင်းထည့်သွင်းခဲ့ပါသည်–

"The Heads of State or Government

Calls upon the Security Council to uphold the primacy of and respect for the Charter in connection with its functions and powers and stresses once again that the decision by the Security Council to initiate formal or informal discussion on the situation in any Member State of the United Nations or any issue that does not constitute a threat to international peace and security is contrary to Article 24 of the Charter"

ထို့အပြင် ကျူးဘားနိုင်ငံက ဦးဆောင်ဦးရွက်ပြု၍လည်း ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏မူဝါဒနှင့် အခန်းကဏ္ဍဆိုင်ရာ ကြေညာစာတမ်း၌ "လက်ရှိအစိုးရ ပြုတ်ကျစေပြီး၊ အစိုးရသစ်တင်ရန် (Regime change)ကြိုးပမ်းမှုများကို ဘက်မလိုက်လှုပ်ရှားအဖွဲ့က ပယ်ချသည်" "Rejection of attempts at regime change" ဟူသည့်စာပိုဒ်ကို ထည့်သွင်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❐ **ကမ္ဘာ့ဈေးကွက်မှ**

တန်ဖိုးအားဖြင့် အများဆုံးတင်ပို့ရသော အမျိုးအစားပင် ဖြစ်သည်။ စုစုပေါင်းတင်ပို့ရသော ရော်ဘာထွက်ကုန်တန်ဖိုး၏ ၆၄ဒသမ၅ရာခိုင်နှုန်းမှာ ရော်ဘာလက်အိတ်များပင် ဖြစ်သည်။

နိုင်ငံတကာ ရော်ဘာလက်အိတ်ထုတ်လုပ်သူများအဖွဲ့ တတိယအကြိမ် အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ်ပြပွဲကို မလေးရှား၌ စက်တင်ဘာ ဒုတိယသီတင်းပတ်က ကျင်းပပြီးစီးခဲ့ရာ သတင်းစာရှင်းလင်းပွဲကိုပါ ပြုလုပ်ခဲ့သည်။ ကမ္ဘာ့ဈေးကွက်တွင် သဘာဝ ရော်ဘာဝယ်လိုအားသည် နှစ်စဉ် ၁၀ရာခိုင်နှုန်း တိုးတက်လျက်ရှိသည်ဟု အွန်းက သတင်းထောက်များကို ပြောကြားသည်။

ကမ္ဘာတစ်လွှားတွင် ကြက်ငှက်တုပ်ကွေးရောဂါနှင့် အသက်ကိုရန်ရှာသော ရောဂါများအန္တရာယ်ကို လူအများပိုမိုသိရှိလာပြီး အန္တရာယ်ကို ကြိုတင်အကာအကွယ်ယူမှု များပြားလာသည့်အတွက် လက်အိတ်ဝယ်ယူမှု များပြားလာခြင်းဖြစ်သည်ဟု ဆိုသည်။

ရော်ဘာလက်အိတ်ထုတ်လုပ်သူများအဖွဲ့အစည်းအဝေးသို့ နိုင်ငံပေါင်း ၂၈နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၅၀၀မျှ ပါဝင်တက်ရောက်ခဲ့ကြသည်။ **အင်တာနက်။**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ သင်ပုန်းရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅:၀၀ ၅။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၁၀ ၆။ **"စည်းကမ်းလိုက်နာ ဘေးကင်းမှာ" (ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) (ဒါရိုက်တာ–ခင်ဇော်၊ မြင့်စိုး (ဝ/သ) ရန်ကုန်**
- ၅:၂၀ ၇။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (အခြေခံပညာ ၁၅–၂၀နှစ်) (အမျိုးသား)
- ၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "တောတွင်းသားငယ်လေး" (အပိုင်း–၁၀)**
- ၆:၅၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခြင်းနှင့်အတူ"(အပိုင်း–၂)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စပိုင်ချစ်သူ" (အပိုင်း–၆)**
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

❍ **အိမ်တွင်းမှုမှ**

အဆိုပါသင်တန်းများကို ဒီဇင်ဘာ ၈ရက်အထိ ရက်သတ္တပတ် ၁၄ ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)ရှိ မြို့နယ်များမှ ဒေသခံ တိုင်းရင်းသူ ၃၀ တက်ရောက်ကြကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုင်းတုံမြို့ စုပေါင်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၀၆-၂၀၀၇ခုနှစ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၅/၂၀၀၆) ကို တက်ရောက်၍ တိုင်းမှူးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသဝမ်းစာ ဖူလုံရေး၊ မိုးစပါးနှင့်အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် တက်ညီလက်ညီ ကူညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ၂၀၀၆-၂၀၀၇ ခုနှစ်၌ မိုးစပါး ၃၄၄၃၇၁ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက်အထိ မိုးစပါး ၃၄၄၈၈၄ ဧက ထွန်တုံးပတ် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ စည်ပင်သာယာခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) အခြေခံပညာကျောင်းများ ပညာရည်မြင့်မားရေးအတွက် မာလ်တီမီဒီယာ စာသင်ခန်းများတွင် အသုံးပြုရန် ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ကျိုင်းတုံခရိုင်အတွင်းမှ အလှူရှင်များကိုယ်စား ကျိုင်းတုံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်မင်းကလည်းကောင်း၊ တာချီလိတ်ခရိုင်အတွင်းမှ အလှူရှင်များကိုယ်စား တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက လည်းကောင်း ကွန်ပျူတာများ အသီးသီး ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က လက်ခံရယူသည်။

ဆက်လက်၍ တိုင်းမှူးက လှူဒါန်းထားသော ကွန်ပျူတာများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းညွန့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အရှင်မာနိတ တရားဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၁၈

ရေဝတီတိုင်း မအူပင်ခရိုင် မအူပင်မြို့ ကျက်သရေဆောင် ရွှေဘုန်းမြင့်စေတီတော်မြတ် ရင်ပြင်တော်တွင် ၁၃၆၈ခု တော်သလင်းလကွယ်နေ့ (စက်တင်ဘာ ၂၁ ရက်) မွန်းလွဲ ၁ နာရီတွင် နယ်လှည့်ဓမ္မကထိက အရှင်မာနိတက တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကွယ်လွန်သူမိခင်ကြီး ဒေါ်သန်းစိန်အား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၉ ရပ်ကွက် သူရလမ်းနေ ဦးစောထွန်းဆွေ-ဒေါ်ကြည်ကြည်ညွန့်၊ သားသမီးများနှင့် မြေး ဖွဲ့သုတထွန်းမိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝီရိယ (နန်းမား)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းမကြီးနေ ဒေါ်စောရီမိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်တာနက်အားကစားသတင်းများ

လက်ရှိ ဘောလုံးရာသီတွင် ပထမဆုံးအကြိမ် အာဆင်နယ်အနိုင်ရ

လန်ဒန် စက်တင်ဘာ ၁၈

အင်္ဂလိပ် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပရာတွင် အာဆင်နယ်အသင်းက မန်ချက်စတာ ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ အိုးလ်ထရက်ဖို့ဒ်ကွင်းတွင် အနိုင်ရကစားခဲ့သည့် အာဆင်နယ်အသင်းသည် ယခုဘောလုံးရာသီ၏ ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးအကြိမ် အနိုင်ကစားနိုင်ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၁၈ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အီမင်နျူယယ် အဒီဘေယာသည် ပွဲပြီးရန် ငါးမိနစ်အလိုတွင် အာဆင်နယ်အသင်းအတွက် အနိုင်ဂိုးကို သွင်းပေးခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းမှ ခရစ်တီယာနိုရော်နယ်ဒို၏ ခြေတွင်ရှိနေသော ဘောလုံးကို ဖာဘရေဂက်စ်က ထိန်းချုပ်ရယူကာ ၎င်းက ဖြတ်ပို့ပေးလိုက်သည့် ဘောလုံးမှ တစ်ဆင့် အဒီဘေယာ ဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်း၏ ဂိုးသမားလက်သစ် ကိုမက်ဇ်ကပ် အစောပိုင်းတွင် ဂီလ်ဘာတို၏ ပယ်နယ်တီဘောလုံးကို ကာကွယ်နိုင်ခဲ့သည်။

အင်တာနက်။

စီးရီးအေဘောလုံးပြိုင်ပွဲတွင် ပါလာမိုနှင့်ရိုးမား ထိပ်ဆုံးမှ ရပ်တည်နေ

မီလန် စက်တင်ဘာ ၁၈

တနင်္ဂနွေနေ့က ကျင်းပသော အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲတွင် ဒေးဗစ်ဒီမစ်ချဲ၏ ဂိုးနှင့်အတူ လာဇီယိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပါလာမိုအသင်းသည် အမှတ်ပေးဇယားတွင် ရိုးမားအသင်းနှင့် တန်းတူရည်တူ ရပ်တည်လျက်ရှိကြောင်း။

အဆိုပါ အသင်းနှစ်သင်းသည် ခြောက်မှတ်စီ ရရှိထားကြောင်း စက်တင်ဘာ ၁၈ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂိုးကွာခြားချက်အရ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှရှိနေသော ရိုးမားအသင်းသည် ဆီနာအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စနေနေ့က အိမ်ကွင်းတွင်ဆမ်ဒိုးရီးယားအသင်းနှင့် တစ်ဖက်တစ်ဂိုးစီ သရေကျကစားခဲ့သော အင်တာမီလန်အသင်းသည် အမှတ်လေးမှတ်ရရှိထားသော အသင်းငါးသင်းတွင် ပါဝင်သည်။

အင်တာနက်။

အက်ရှ်လေကိုး၏ အတ္ထုပ္ပတ္တိစာအုပ် အာဆင်နယ်နည်းပြဟောင်း ဝေဖန်

လန်ဒန် စက်တင်ဘာ ၁၈

အာဆင်နယ်အသင်း၏ နည်းပြဟောင်း ဂျော့ဂျ်ဂရေဟမ်သည် အင်္ဂလန်ဘောလုံးကစားသမား အက်ရှ်လေကိုးအား ဝေဖန်လိုက်ကြောင်း၊ အက်ရှ်လေကိုး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်တွင် အာဆင်နယ်အသင်းကို ဝေဖန်ထားခြင်းအတွက် ဂရေဟမ်က ပြန်လည်တုံ့ပြန်ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၁၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့သွားသည့် အင်္ဂလန်နောက်တန်းလူ အက်ရှ်လေကိုး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်သည် ကာယကံရှင်များအကြား အချေအတင်အငြင်းပွားမှုများကို ဖြစ်ပေါ်စေသည်။

အဆိုပါစာအုပ်တွင် အာဆင်နယ်အသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒီယင်နှင့် အခြားသောပုဂ္ဂိုလ်များကိုလည်း ဝေဖန်ရေးသားထားသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပါဝင်ကစားခွင့်ရရှိသော ဘောလုံးသမားများသည် ၎င်းတို့၏ အတွေ့အကြုံကို စာအုပ်ရေးသားဖော်ပြရန် လိုလားကြကြောင်း၊ သို့ရာတွင် အက်ရှ်လေကိုးအား ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ရေးသားရန် တိုက်တွန်းသူများမှာ မှားယွင်းနေကြောင်း၊ အမှန်တကယ်အားဖြင့် အက်ရှ်လေကိုးသည် အတွေ့အကြုံ မရင့်ကျက်သေးသော ကလေးငယ်၏ အတွေးအခေါ်ဖြင့် မိမိအား ဝေဖန်ခြင်းသာဖြစ်ကြောင်း ဂရေဟမ်က စောဒကတက်သည်။ ***အင်တာနက်။***

မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ လာရောက်ဆက်သွယ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရာတွင် ကြိုတင်တင်ပြရန်လိုအပ်မည့်အချက်များအား လျှောက်ထားသူ ကာယကံရှင်များသိစေရန် အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင်ပါရှိရမည့် စာရွက်စာတမ်းများ

၁။ ကာယကံရှင်နှင့်အတူ မိဘ(သို့) အုပ်ထိန်းသူတစ်ဦး လာရောက်ရမည်။
၂။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စုလူဦးရေစာရင်း အိမ်လက်ခံမူရင်းနှင့် မိတ္တူ(၁)စောင်စီ။
၃။ ရှေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီး ဇယားပါရှိရမည်)
၄။ အသက်အတွက် ကျောင်းထောက်ခံချက်(သို့) မွေးစာရင်းမူရင်းနှင့် မိတ္တူ။
၅။ မိဘနှစ်ပါး၏နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ် မူရင်းနှင့်မိတ္တူ။
၆။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း။
၇။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်။
၈။ တစ်လက်မ Xတစ်လက်မအရွယ် ဓာတ်ပုံ(၄)ပုံ (မျက်မှန်မပါ)။

မှတ်ချက်။ ။နိုင်ငံသားအရည်အချင်းပြည့်မီသူမှန်လျှင် လျှောက်ထားသည့်ရက်မှ ၂၈ ရက်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိပါက ညွှန်ချုပ်၊ လဝက၊ နေပြည်တော်သို့ စာဖြင့်ရေးသားတိုင်ကြားနိုင်ပါသည်။

အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် ပါရှိရမည့် စာရွက်စာတမ်းများ

၁။ ကာယကံရှင်ကိုယ်တိုင်လာရောက်ရမည်။
၂။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း၊ အိမ်လက်ခံမူရင်းနှင့် မိတ္တူ(၁)စောင်စီ။
၃။ ရှေ့ပြေးလျှောက်လွှာ(မျိုးရိုးစဉ်ဆက်ဖြည့်စွက်ပြီး ဇယားပါရှိရမည်)။
၄။ အသက်အတွက် ကျောင်းထောက်ခံချက် (သို့) မွေးစာရင်းမူရင်းနှင့် မိတ္တူ။
၅။ မိဘနှစ်ပါး၏ နိုင်ငံသား/အမျိုးသားမှတ်ပုံတင်လက်မှတ် မူရင်းနှင့် မိတ္တူ။
၆။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း။
၇။ ရပ်ကွက်အတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံချက်။
၈။ တစ်လက်မ X တစ်လက်မအရွယ် ဓာတ်ပုံ(၄)ပုံ (မျက်မှန်မပါ)။

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်က လျှပ်စစ်စွမ်းအားကို ဂိုးပြတ်နိုင်

ရန်ကုန် စက်တင်ဘာ ၁၈

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ မြန်မာလိဂ်အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် အောင်ဆန်း အားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက လျှပ်စစ်စွမ်းအားအသင်းကို ကိုးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဘဏ္ဍာ/အခွန်အသင်း ကိုးဂိုး
(စိုးမြတ်မင်း-ငါးဂိုး၊ သိန်းထွန်းဝင်း၊ ခင်မောင်ထွန်း၊ အောင်ကျော်မိုးနှင့် စိုးလင်းထွန်း-တစ်ဂိုးစီ)

လျှပ်စစ်စွမ်းအား တစ်ဂိုး
(လင်းထွန်းဦး)

ဒိုင်လူကြီး ဦးဟန်သိန်း

နိုင်ပွဲဆက်

အဖွင့်ပွဲစဉ်တွင် တန်းတက်အသင်းဖြစ်သည့် ဆက်/စာ/ကြေးကို ဂိုးပြတ် အနိုင်ရထားသည့် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းမှာ ယနေ့ပွဲတွင်လည်း တန်းတက်အသင်းဖြစ်သည့် ပထမတန်း အမှတ်ပေးချန်ပီယံ လျှပ်စစ်စွမ်းအားအသင်းကို ဂိုးပြတ်သွင်းကာ အမှတ်ပြည့်ရယူပြီး နိုင်ပွဲဆက်ခဲ့သည်။ အဆင့်မြင့်တန်း၏ အသင်းကြီးများနှင့် ဆက်တိုက်တွေ့ဆုံနေသော လျှပ်စစ်စွမ်းအားအသင်းမှာ ပထမပွဲတွင် စီးပွား/ကူးသန်းကို ဂိုးပြတ်အရေးနိမ့်ထားသလို ယနေ့ပွဲမှာလည်း ဘဏ္ဍာ/အခွန်ကို ထပ်မံ၍ ဂိုးပြတ်အရေးနိမ့်သောကြောင့် အမှတ်မရသေးပေ။

ယနေ့ပွဲ

ညနေ ၃ နာရီခွဲ

(အောင်ဆန်းကွင်း)

ဆက်သွယ်ရေး/စာတိုက်နှင့် ကာကွယ်ရေး

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့ အစီအစဉ်
၇:၀၅ အာဟာရနှင့်ကျန်းမာရေး(အပိုင်း-၁)
၇:၁၅ တေးဂီတအစီအစဉ်
၇:၂၀ ပြည်တွင်းသတင်းအကျဉ်း
၇:၃၀ Sunday Talk
၈:၂၀ တေးဂီတအစီအစဉ်
၈:၂၅ မြင်ကွင်းများစွာကြည်လင်စေဖို့
၈:၄၅ အကပြိုင်ပွဲ
၈:၅၀ မိုလေဝသခန့်မှန်းချက်
၈:၅၅ နိုင်ငံတကာအနုပညာရေးရာ
၉:၁၅ တေးဂီတအစီအစဉ်
၉:၂၀ မြေပြင်ရှုခင်းဖန်ဆင်းခြင်း အပိုင်း(၂)
၉:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅ ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု(မီမီဝင်းဖေ)
၁၀:၁၀ တေးဂီတအစီအစဉ်
၁၀:၀၅ ယဉ်ကျေးမှုတက္ကသိုလ်(ပန်းပုပညာဌာန)
၁၀:၂၅ တေးဂီတအစီအစဉ်
၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ လင်းလက်နေဆဲကြယ်တစ်ပွင့် (ငွေကမ္ဘာ ကမ္ဘာလှည့်တင်တင်စိန်)
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ တစ်ပတ်အတွင်းအားကစားသတင်း
၁၁:၀၅ တေးဂီတအစီအစဉ်
၁၁:၂၀ တန်ဖိုး(ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း)
၁၁:၂၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၃၀ ပဒုမ္မာဆပ်ပြာစက်ရုံ(ပေါင်မြို့နယ်၊ သထုံခရိုင်)
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ MRTV-4 စာအုပ်စင်ကဏ္ဍ [မောင်စိန်ဝင်း(ပုတီးကုန်း)]
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည ၁၁ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မီးဘေးရှောင် မလောင်ခင်တား

THREE FRIENDS CONSTRUCTION CO., LTD.

ကုံးချင်းနှင့် ဘထပ်မြင့် တိုက်များဆောက်လုပ်ပေးခြင်း

(PAE)စနစ်	➡(ပစ္စည်းဖိုး +လုပ်အားခ+ကြီးကြပ်ခ) ဖုတ်ပြတ်စနစ်ဖြစ်၍ မလိုအပ်သော အပိုကုန်ကျစရိတ်များ မရှိတော့သဖြင့် မိမိကုန်ကျလိုသော Budget အတိုင်းသာ ကုန်ကျနိုင်ပါသည်။
အရည်အသွေး	➡ကျွမ်းကျင်သူ အင်ဂျင်နီယာ၊ ဗိသုကာများက ပုံစံထုတ် အနီးကပ် ကြီးကြပ်စီစဉ် ဆောက်လုပ်သဖြင့် အရည်အသွေး စိုင်မာစိတ်ချရပါသည်။
ငွေပေးချေမှု	➡အရစ်ကျငွေပေးချေမှုစနစ်သာ ဖြစ်သဖြင့် ဆောက်ပြီးသလောက်သာ ပေးသကဲ့သို့ တစ်လုံးတစ်ခဲကုန်ကျစရာ မလိုပါ။
ဆောက်သင့်သူများ	➡အိမ်တွင်လူနေခဲ့ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသူများမေရသောတန်ဖိုး နှင့်ညီမျှသောအရည်အသွေးလိုချင်သူများ။
ချေးငွေသင့်သည့်အချက်	➡မိမိပိုင်သော မြေပေါ်တွင်ဆောက်သော ပုံသေပိုင်ပစ္စည်းဖြစ်သဖြင့် Bank Loan ကို ချေးငွေလိုက ချေးငွေနိုင်ပါသည်။ရေရှည်နိုင်မာသည့် ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါသည်။
ကုန်ကျစရိတ်	➡30'x40'နှစ်ထပ် RC အဆောက်အအုံအတွက်ခန့်မှန်းကုန်ကျစရိတ်မှာ ကျပ်သိန်း(၃၀၀)ခန့်သာဖြစ်သည်။အချိန်ကာလမှာ(၆)လခန့်သာကြာမြင့်ပါသည်။

44A(1)၊ကျိုက်ကဆံ ရပ်ကွက်၊ ရန်ကုန်၊ (ကုန်သွယ်မှုဇာတိ ဌာနအနောက်)ဓမ္မဟာဘဝတောင်ညွှန့်ရန်ကုန်။ ☎ 01-294864, 201121, 201478, 298341 09-50 11443, 09-50 10289, 09-51 54853, 09-51 55037

လန်ဒန်မြို့မှ ဒေါက်တာခင်သက်မော်နှင့် ဒေါက်တာမြင့်ဝင်းမောင်နှမတို့က ရန်ကုန်တိုင်း လှိုင်မြို့နယ် မေတ္တာဝါဒီ ဟင်္သာတ (ပရဟိတ)ကျောင်းတိုက်ကြီး၏ ဆောက်လုပ်ဆဲ မဟာသိမ်တော်ကြီးနှင့် ကိုးထပ်ကျောင်းတော်ကြီး တည်ဆောက်ရေးအတွက် ငွေကျပ် ၆၅၂ သိန်း ငါးသောင်း လှူဒါန်းခဲ့ရာ အလှူရှင်ကိုယ်စား ဗိုလ်မှူးကြီးစိန်ရ(ငြိမ်း)နှင့် ဇနီး ဒေါ်အေးအေးစိုးတို့က ကျောင်းတိုက်ကြီး၏ ပဓာန နာယက ရန်ကုန်တိုင်း သံဃနာယကဥက္ကဋ္ဌ (မဟာဒွါရ)၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မေတ္တာဝါဒီ ဆရာတော်ကြီးထံ စက်တင်ဘာ ၁၇ ရက်က ရေစက်သွန်းချလှူဒါန်းစဉ်။ (က-ပ)

ဘက်စုံပြုပြင်မှု လုပ်ငန်းအတွက် ဆက်သွယ်လှူဒါန်းနိုင်

ရန်ကုန် စက်တင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ပရိဝုဏ် အတွင်းအပြင် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။ တည်ဆောက်မှု လုပ်ငန်းများအတွက် ပါဝင် လှူဒါန်းလိုသူများသည် မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင် ဖုန်း-၀၅၇-၂၄၈၇၈ နှင့် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇-၂၃၀၀၄ တို့ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်း၊ လှိုင်သာမြို့နယ်၊ စက်မှုဇုန်(၄)၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၁၁)ရှိ "လင်းလင်းသာကုမ္ပဏီလီမိတက်"၏ ညွှန်ကြားချက်အရ အများသိစေရန် သတိပေးတားမြစ်လိုက်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏ တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်အမှတ်-၅၉၃၉/၂၀၀၃ဖြင့် မှတ်ပုံတင်သွင်းထားပြီး ဖြစ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် "သံပရိဘောဂပစ္စည်းများ"ကို ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။

PACIFIC

သို့ဖြစ်၍ ကျွန်ုပ်တို့၏ "လင်းလင်းသာကုမ္ပဏီလီမိတက်" တစ်ဦးတည်းမူပိုင်အဖြစ် သုံးစွဲလျက်ရှိသော အထက်ပါတံဆိပ် အမှတ်အသားကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲထုတ်လုပ်ဖြန့်ချိရောင်းချခြင်းမပြုရန် သတိပေးတားမြစ် ကြော်ငြာအပ်ပါသည်။

ထို့ကဲ့သို့ တုပပြုလုပ်သုံးစွဲသူအား လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးသမျှ အရပ်ရပ် စရိတ်ငွေကြေးများကို တရားမကြောင်းအရ တရားစွဲဆိုမည်ဖြစ်ကြောင်းနှင့် ပြစ်မှုကြောင်းအရလည်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတိပေးကြော်ငြာအပ်ပါသည်။

ဦးအောင်ခိုင် LL.B Advocateship
ဒေါ်မြင့်မြင့်အေး B.A., LL.B., တရားရုံးချုပ်ရှေ့နေများ
ရုံး အမှတ်-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၃၇၇၂၇၆
အိမ်အမှတ်(၇၂-၉၄)ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်
ဖုန်း-၅၃၅၆၇၃၊ ၅၃၃၄၇၃။

မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မြင့်ထွန်း(ခ)ဦးကိုကိုအောင်

အထွေထွေမန်နေဂျာ ဦးငွေအောင်နှင့် သက်ဆိုင်သူအများသိစေရန်ကြော်ငြာ

၁။ အမှတ်၁၁၃/၁၁၅/၁၁၇၊ဗိုလ်ချုပ်အောင်ဆန်းလမ်း၊(၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ ဒေါ်ရီရီကြိုင် [၁၂/ ဗတထ (နိုင်)၀၂၁၂၇၆ပါ] (၅)ဦးနှင့် အမှတ်(၁၂၄)၊ ပထပ်၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နေသူ မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်း [၁၂/သခန(နိုင်) ၀၂၀၅၁၅]၊ အထွေထွေမန်နေဂျာ ဦးငွေအောင်တို့သည် (၂၇-၇-၂၀၀၅) ရက်နေ့တွင် ကန်ထရိုက်နှင့် အိမ်ရှင်(မြေပိုင်ရှင်)တို့ အဆောက်အအုံဟောင်းဖြိုဖျက်၍ အဆောက်အအုံသစ်ဆောက်လုပ်ရန် နှစ်ဖက်သဘောတူ ကတိစာချုပ် ချုပ်ဆိုထားခဲ့ပါသည်။

၂။ မြန်မာကံကောင်းကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းသည် မြေပိုင်ရှင် ဒေါ်ရီရီကြိုင်ပါ (၅)ဦး၏ မြေကွက်ပေါ်တွင် (၄)ခန်းတွဲ ရှစ်ထပ်တိုက်သစ်ကို မိမိတို့ပိုင်ငွေကြေးဖြင့် ၁၀၀ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံတည်ဆောက်ပေးရန် တစ်ခြမ်းပေး၊ တစ်ခြမ်းယူစနစ်၊ အလိုက်ငွေကျပ်သိန်း ၃၀၀ ဖြင့် သဘောတူခဲ့သော်လည်း မြေပိုင်ရှင် ဒေါ်ရီရီကြိုင်ပါ (၅)ဦး၏ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းခွင်ကို အလိုက်ငွေကျပ်သိန်း ၁၀၀၀ ဖြင့် အမှတ်(၄၅၃)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးခန်းတည်ရှိသည့် MGC ကုမ္ပဏီလီမိတက်သို့ လွှဲပြောင်းရောင်းချပေးကာ အလိုက်ငွေစရန်ကျပ်သိန်း၃၀၀ လက်ခံရယူထားကြောင်း(၂၃-၈-၂၀၀၆)နှင့် (၂၄-၈-၂၀၀၆)ရက်စွဲပါ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာ၌ MGC ကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးတင်အေး၏ ကြော်ငြာအရ သိရှိရသည့်အတွက်(၂၇-၇-၂၀၀၅)ရက်စွဲပါ နှစ်ဖက်သဘောတူ ကတိစာချုပ်ကို ကန်ထရိုက်တာ မြန်မာကံကောင်းကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်းဘက်မှ စာချုပ်ဖောက်ဖျက်ခဲ့ပါသည်။

၃။ သို့ပါ၍ ကန်ထရိုက်တာနှင့် မြေပိုင်ရှင်များ ချုပ်ဆိုထားသော(၂၇-၇-၂၀၀၅)ရက်စွဲပါ နှစ်ဖက်သဘောတူကတိစာချုပ်သည် ကန်ထရိုက်တာဖြစ်သူ ဦးကိုကိုအောင်(ခ)ဦးဇော်မြင့်ထွန်း မြန်မာကံကောင်း ကုမ္ပဏီလီမိတက်ဘက်မှ ဖောက်ဖျက်၍ ယင်းစာချုပ်၏ စာပိုဒ်(၁၇)အရ(၂၄-၈-၂၀၀၆)ရက်နေ့မှ စတင်ကာ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် ကန်ထရိုက်တာက မြေပိုင်ရှင်များဘက်သို့ အလိုက်ပေးထားသော ငွေကျပ် ၈၅ သိန်းသည်လည်း ဆုံးရှုံးသွားပြီဖြစ်ကြောင်း မြန်မာကံကောင်းကုမ္ပဏီလီမိတက်နှင့် သက်ဆိုင်သူအများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးကြည်ထွန်း
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၆၁၇၃
အမှတ်-၇၁၊၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၇၂၃၀၆၃၊ ၀၉-၈၀-၃၃၂၉၀

မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းယှဉ်ပြိုင်

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပရာ အသင်းပေါင်း ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် သာကေတမြို့နယ်အသင်းက ပထမ၊အင်းစိန်မြို့နယ်အသင်းက ဒုတိယနှင့် ဗဟန်းမြို့နယ်အသင်းက တတိယ ရရှိပြီး ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ တိုင်းပိုက်ကျော်ခြင်း ဆပ်ကော်မတီ အတွင်းရေးမှူး ဦးမျိုးနိုင်နှင့် အား/ကာတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

လှူဒါန်း

တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း အမှတ်(၁၅) ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်တွင် သုခကာရီ ဗဟိုဆောင်မွမ်းမံပြင်ဆင်ရန်အတွက် မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သုဇိတာလမ်းနေ ဒုတိယရဲမှူးကြီးကျော်ဖေ(ငြိမ်း)-ဒေါ်ခင်အေးဆွေ မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက သလ္လာအရှင်ပဏ္ဍိတရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းပြင်ဆင်ရေး အကျိုးတော်ဆောင် ဦးစံရှိန်လက်ခံစဉ်။ (ကြေးမုံ)

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ် ဥက္ကလာစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်း ဇနီး ဒေါ်အေးရီမိသားစုက ဥက္ကလာပစေတီတော် ပန်းတင်ခုံ သံပန်းကာရန် အလှူငွေကျပ် နှစ်သိန်းငါးသောင်းကို ဩဝါဒါစရိယ(ပျော်ဘွယ်)ဆရာတော် ဦးနာရိန္ဒထံမှ ရေစက်ချအနုမောဒနာတရားနာကြားပြီး ဂေါပကအဖွဲ့ဝင် ဦးသိန်းညိုထံ ဩဂုတ် ၂၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (၆၄)

ကန်ထရိုက်တာနှင့် မြေပိုင်ရှင်များ ချုပ်ဆိုထားသည့်စာချုပ်ကို နှစ်ဖက်သဘောတူ ဖျက်သိမ်းပြီးကြောင်း အများသိစေရန် ကြော်ငြာ

၁။ ဒေါ်အေးအေးသင်း [၁၂/အလန(နိုင်)၀၀၂၇၆၇] ပန်းတစ်ထောင်ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်နှင့်ဒေါ်ရီရီကြိုင် [၁၂/ဗတထ(နိုင်)၀၂၁၂၇၆]ပါ (၅)ဦးတို့ ချုပ်ဆိုထားသော (၁၇-၆-၂၀၀၅)ရက်စွဲပါ စာချုပ်ကို (၁၅-၉-၂၀၀၆)ရက်နေ့တွင် ရရန်/ပေးရန် တာဝန်များရှင်းလင်း၍ နှစ်ဖက်သဘောတူ စာချုပ် ဖျက်သိမ်းပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀-H၃)၊ မြေကွက်အမှတ် (I-၁၈)၊ မြေအကျယ် (၀ ဒသမ ၀၈၃)ဧက၊ နှစ် ၆၀ ဂရန် မြေမျိုး မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်(၁၁၃/၁၁၅/၁၁၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်ဟု ခေါ်တွင်သော (၄)ခန်းတွဲ (၂)ထပ် အဆောက်အအုံဟောင်းသည် ဒေါ်အေးအေးသင်း[၁၂/အလန(နိုင်)၀၀၂၇၆၇]ပန်းတစ်ထောင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် အကျိုးသက်ဆိုင်ခွင့် တစ်စုံတစ်ရာမရှိတော့ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးကြည်ထွန်း
တရားရုံးချုပ်ရှေ့နေ၊ စဉ်-၆၁၇၃
အမှတ်-၇၁၊ ၂၈လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၇၂၃၀၆၃၊ ၀၉-၈၀-၃၃၂၉၀

The Commerce Journal အတွဲ(၆) အမှတ်(၁၇) ဖြန့်ချီ

ရန်ကုန် စက်တင်ဘာ ၁၈

The Commerce Journal အတွဲ(၆) အမှတ်(၁၇)ကို ဖြန့်ချီလိုက်ပြီ ဖြစ်သည်။ အဆိုပါဂျာနယ်တွင် ပြည်ပ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်ဈေးနှုန်း မြင့်မားအောင်ကုန်သည်တချို့ ဖန်တီး၊ ဈေးကောင်းရ၍ မိုးကြက်သွန် စောစီးစွာ စိုက်ပျိုး၊ ကြက်သွန်နီအသင်းကြီး ကြက်သွန်နီ ဈေးနှုန်းတည်ငြိမ်ရန် ကြိုးပမ်း၊ မြန်မာနိုင်ငံသားဘဏ်တွင် e-Payment System အတွက် ငွေစာရင်းများ ဖွင့်လှစ်နေ၊ မြန်မာ့နယ်စပ်ကုန်သွယ်မှု သတင်းများအပြင်၊ ရင်းနှီးမြှုပ်နှံမှု မဟာဗျူဟာ (မောင်စူးစမ်း)၊ ကျွန်တော်ကျောင်းဆရာ (အောင်သင်း)၊ အိန္ဒိယစီးပွားဖွံ့ဖြိုးမှု ခြေရာကောက်(ဦးဟန်ထွန်း)၊ ဇရာကိုအန်တုမည့် သုတေသနလုပ်ငန်းများ (မောင်ပုဆိုးကြမ်း)၊ ကုန်အမှတ်တံဆိပ် (ဦးမေဒင်)၊ ကော်တလာပြောတဲ့ မားကက်တင်း(ဟံသာထွန်း)၊ အောင်မြင်ချမ်းသာနည်း ၁၀၀ (ကြည့်ရှုန်း)၊ မြန်မာ့ရိုးရာ အမည်ဟောကိန်း (စံဇာဏီဘို)၊ အစားအစာ ဘေးကင်းရေးနှင့် သန့်ရှင်းရေး ထိန်းချုပ်မှုစနစ် (ယုယမေ)၊ လူတိုင်းကျန်းမာဖို့ နေ့စဉ်သစ်သီးဝလံ ဟင်းသီးဟင်းရွက် ငါးမျိုးစားကြစို့ (အေးမြင့်ဦး)၊ ကမ္ဘာ့ရွှေဈေး(ကိုတိုး) စသည့်သုတရသစုံ ဆောင်းပါးများ၊ ပြည်တွင်း ပြည်ပကုန်ဈေးနှုန်းသတင်းများ၊ ဖက်ရှင်၊ ဟာသသတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများက ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုထိခိုက်စေမှုမရှိသည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအား လုံခြုံရေးကောင်စီက အလွတ်သဘောဖြစ်စေ၊ တရားဝင်ဖြစ်စေ ဆွေးနွေးခြင်းသည်

ကုလသမဂ္ဂပဋိညာဉ်စာချုပ်နှင့် ဆန့်ကျင်သည်ဟုရပ်တည်

လက်ရှိအစိုးရကိုပြုတ်ကျစေပြီး အစိုးရသစ်တင်ရန် ကြိုးပမ်းမှုများကို ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက ပယ်ချ

နေပြည်တော် စက်တင်ဘာ ၁၈

ကျူးဘားနိုင်ငံ ဟာဗားနားမြို့၌ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးညီလာခံကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။ အဆိုပါထိပ်သီးညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲနှင့် အစိုးရအဖွဲ့အကြီးအကဲ ၅၇ ဦးတို့ အပါအဝင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင် ၁၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဘက်မလိုက်ထိပ်သီးညီလာခံက အပြီးသတ်ကြေညာစာတမ်း (Final Document) နှင့် ဘက်မလိုက်လှုပ်ရှားမှုကြီး၏ အခြေခံမူများနှင့် အခန်းကဏ္ဍ (Purpose and Principles and the Role of the Non-Aligned Movement) ဆိုင်ရာ ကြေညာစာတမ်းတို့ကို ထုတ်ပြန်ခဲ့ရာ အပြီးသတ်ကြေညာစာတမ်းတွင် မြန်မာနိုင်ငံက ဦးဆောင်ဦးရွက်ပြု၍ မူဝါဒဆိုင်ရာ ကဏ္ဍပိုင်း၌လည်းကောင်း၊ လုံခြုံရေးကောင်စီဆိုင်ရာ ကဏ္ဍပိုင်း၌လည်းကောင်း စာပိုဒ်(၂)ပိုဒ် ထည့်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ⇨

အိမ်တွင်းမှုသင်တန်းဖွင့်ပွဲ၊ စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် ကွန်ပျူတာလှူဒါန်းပွဲများ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၁၅/၂၀၀၆)၊ အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၄၃/၂၀၀၆)၊ သိုးမွေးစက်ဆွဲသင်တန်း အမှတ်စဉ်(၄/၂၀၀၆)နှင့် အချက်အပြုတ်သင်တန်း အမှတ်စဉ်(၃/၂၀၀၆) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် ကျိုင်းတုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း သင်တန်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကားပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီးနောက် တာဝန်ရှိသူများနှင့်အတူ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် မာလ်တီမီဒီယာ စာသင်ခန်းများတွင်အသုံးပြုရန် ကွန်ပျူတာများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းညွန့် လက်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတကာ ရော်ဘာလက်အိတ်ထုတ်လုပ်သူများအဖွဲ့ အစည်းအဝေးနှင့် ပြပွဲ၌ ပြသထားသော လက်အိတ်ပြုလုပ်သောစက်ကို တက်ရောက်လာကြသူ ကိုယ်စားလှယ်အချို့ ကြည့်ရှုနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အ င် တ ာ န က် စီး ပွ ား ရေး သ တ င် း

ကမ္ဘာ့ဈေးကွက်တွင် သဘာဝရော်ဘာလက်အိတ် ဝယ်လိုအားကောင်း ရော်ဘာကုန်ကြမ်းဈေးတက်ပြီး နှစ်စဉ်ဝယ်လိုအား ၁၀ရာခိုင်နှုန်းတိုးနေ

ကွာလာလမ်ပူ စက်တင်ဘာ ၁၈

ကမ္ဘာ့ဈေးကွက်တွင် သဘာဝရော်ဘာလက်အိတ်များ၏ ဝယ်လိုအားမှာ အားကောင်းလျက်ရှိသည် မှန်သော်လည်း ရော်ဘာကုန်ကြမ်းများ၏ဈေးနှုန်းမှာ မြင့်တက်လျက်ရှိသည့်အတွက်လုပ်ငန်းရှင်များမှာ အခက်အခဲဖြစ်လျက်ရှိသည်ဟု သတင်းများကဆိုသည်။

သဘာဝရော်ဘာဈေးကွက်၌ အက်စ်အမ်အာရ်-၂၀ (SMR-20) နှင့် ရော်ဘာစေးအဖြူဈေးမှာ အထူးဈေးမြင့်လျက်ရှိသည်။ ရော်ဘာကုန်ကြမ်းဈေး မတည်မငြိမ်ဖြစ်နေသည်ကို မိမိတို့မလိုလား၊ ဈေးနှုန်း တည်တည်ငြိမ်ငြိမ်ဖြစ်နေသည်ကိုသာ မိမိတို့ ပိုမိုလိုလားသည်ဟု မလေးရော်ဘာလက်အိတ် ထုတ်လုပ်သူစက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ကေ၊ အိတ်ချ်၊ အွန်က ပြောကြားသည်။

ယခင်နှစ်က မလေးရှားထုတ် ရော်ဘာလက်အိတ်များသည် ဝင်ငွေကောင်းကောင်းရခဲ့သည်။ မလေးရှားမှ တင်ပို့သောရော်ဘာထွက်ကုန်ပစ္စည်းများအနက် ရော်ဘာလက်အိတ်များသည် **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ❐

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၈-၉-၂၀၀၆)

နေပြည်တော်
၁ ဒသမ ဝ၃လက်မ

သံတွဲ
၅ ဒသမ ၂၄လက်မ

ဗိုး
၄ ဒသမ ၈၄လက်မ

တောင်ကုတ်
၄ ဒသမ ဝ၉လက်မ

ကျောက်ဖြူနှင့်ကန့်ဘလူ
၃ ဒသမ ၆၆လက်မ

မောင်တော
၂ ဒသမ ၂၄လက်မ